မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၁၁ ရက်၊ သောကြာနေ့၊ အတွဲ (၄၅)၊ အမှတ် (၃၁၂)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်ရေး ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုနိုင်အောင် ပညာပေးဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၁၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ၂၀၀၆ခုနှစ် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၊ တိုက်ရိုက်မျိုးစေ့ချသရုပ်ပြပွဲ၊ လက်တွန်းထွန်စက် စွမ်းရည်ပြပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့နယ် ရွှေညောင်ကျေးရွာ စံပြစပါးစိုက်ကွင်း၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်ကောက်စိုက်အသင်းများ တက်ရောက်ကြသည်။

ကြည့်ရှုအားပေး

အစီအစဉ်အရ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို စတင်ကျင်းပပြီး ကျေးရွာအုပ်စုအလိုက် ကောက်စိုက်စွမ်းရည်ယှဉ်ပြိုင်နေမှု၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စပါးမျိုးစေ့ချသရုပ်ပြ စိုက်ပျိုးနေမှုနှင့် လက်တွန်းထွန်စက်ဖြင့် ***စာမျက်နှာ ၃ ကော်လံ ၁*** ■



ကောက်စိုက် ပြိုင်ပွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး ခင်မောင်သန်း ဧရာဝတီတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည် ပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏စပါးကျီအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်း သီးနှံအလိုက် ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ရေးအကောင်အထည်ဖော် တိုးတက်ပြောင်းလဲနေသည့် စိုက်ပျိုးရေးနည်းပညာများကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ဧရာဝတီတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီခွဲတွင် ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် ရန်ကုန်–ပုသိမ်လမ်း မိုင်တိုင် ၁၇/၃ ရှိ ကွင်းယားအရှေ့ကျေးရွာ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပထမဆုရရှိသည့် မြောင်းမြခရိုင်အသင်းအား ဆုချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အမှာစကားပြောကြားရာတွင် စိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်နှင့်အညီ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်က အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိသကဲ့သို့ နှစ်စဉ် စီမံကိန်းနှင့် နှစ်တို၊ နှစ်ရှည်စီမံကိန်း ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်)

အမျိုးသားညီလာခံ အောင်မြင်ရေး လက်တွဲညီညီကြိုးပမ်း

မျက်မှောက်ကာလသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ထွန်းလာရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ ပူးပေါင်းလက်တွဲ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလ ဖြစ်သည်။

ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ်စနစ်သစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံ၏သမိုင်းကြောင်း၊ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ ပကတိဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေအရ မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် လမ်းစဉ်၊ စေတနာပါသည့် အကောင်အထည်ဖော်မှုနှင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေကြခြင်း ဖြစ်သည်။ ပြည်သူများ လိုလားမျှော်လင့်နေကြသည့် တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ တိုးတက်ရရှိနေပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် မည်သည့်စနစ်ကိုပင် ကျင့်သုံးသည်ဖြစ်စေ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံရမည်သာဖြစ်သည်။ မြန်မာနိုင်ငံတွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရန် အမျိုးသားညီလာခံကို ကျင်းပလျက်ရှိသည်။

အမျိုးသားညီလာခံတွင် လူထုလူတန်းစား အလွှာပေါင်းစုံမှ တက်ရောက်လာကြသည့် ညီလာခံကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်နှင့် ကော်မတီအသီးသီးတို့၏ ကြိုးပမ်းမှုဖြင့် လုပ်ငန်းတစ်ခုလုံး၏ ၇၅ရာခိုင်နှုန်းခန့် အောင်မြင်ပြီးစီးနေပြီဖြစ်သည်။

အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အခန်းခေါင်းစဉ်၁၅ရပ်ကို ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ပြီးခဲ့သည့် ညီလာခံ၌ လွှတ်တော်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း၊ တပ်မတော်အခန်းတို့နှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး ရှင်းလင်းတင်ပြခြင်း၊ အကြံပြုချက်စာတမ်းများ ရေးသားပြုစုခြင်း၊ ကိုယ်စားလှယ်အစုအဖွဲ့များတွင် စာတမ်းများ ဖတ်ကြားအတည်ပြုခြင်းများ ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ အဆိုပါအခန်းများနှင့်စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများကို ယခုနှစ်ကုန်ပိုင်းတွင် ဆက်လက်ကျင်းပမည့် အမျိုးသားညီလာခံကြီးတွင် ချမှတ်နိုင်တော့မည်ဖြစ်သည်။

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၊ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် လုပ်ငန်းကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့၏ လက်တွဲညီညီ ပူးပေါင်းကြိုးပမ်းမှုဖြင့် အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပသွားနိုင်မည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် ပုစွန်လုပ်ငန်းရှင်များအသင်း ဟောပြောပို့ချမည်

ရန်ကုန် ဩဂုတ် ၁၀

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန် လုပ်ငန်းရှင်များ အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် ဩဂုတ် ၁၂ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက် (အငြိမ်းစား)က Leadership Challenges ခေါင်းစဉ်ဖြင့် ဟောပြောပို့ချမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲများအား အစမ်းခန့်ကာလ(၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ ဌာန
(က) ဦးမျိုးကျော်	ညွှန်ကြားရေးမှူးချုပ် သာသနာရေး ဦးစီးဌာန သာသနာရေးဝန်ကြီးဌာန
(ခ) ဦးသန်းမြင့်	ညွှန်ကြားရေးမှူးချုပ် သတ္တုတွင်းဦးစီးဌာန သတ္တုတွင်းဝန်ကြီးဌာန
(ဂ) ဦးအောင်ငြိမ်း	ဦးဆောင်ညွှန်ကြားရေးမှူး ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန
(ဃ) ဦးလှမိုး	ဦးဆောင်ညွှန်ကြားရေးမှူး သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်း သမဝါယမဝန်ကြီးဌာန

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန စက်မှုနှင့်သက်မွေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ယင်းဝန်ကြီးဌာန ရန်ကုန်နည်းပညာတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်မောင်အေးအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ မိသားစုဝင်ငွေတိုးလုပ်ငန်းများ စွမ်းဆောင်မှုဆုပေးပွဲနှင့် အရင်းမပျောက် မတည်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ကကြီးမှူးကျင်းပသည့်မိသားစုဝင်ငွေတိုးလုပ်ငန်း စွမ်းဆောင်မှု ဆုပေးပွဲနှင့် အရင်းမပျောက်မတည်ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းတည့်၁၂နာရီက လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးဆောင်ရွက်ပေးလျက်ရှိသည့် မိသားစုဝင်ငွေတိုး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက မိသားစုဝင်ငွေတိုး လုပ်ငန်းများ စွမ်းဆောင်မှုပထမရရှိသည့် ဗဟန်းမြို့နယ်၊ ဒုတိယရရှိသည့် ဒဂုံမြို့နယ်နှင့် တတိယရရှိသည့် ကြည့်မြင်တိုင်မြို့နယ်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

မတည်ငွေပေးအပ်

ဆက်လက်၍ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ရန်ကုန် အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီနီစိန်ထံမှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာစောင်ရေ ၅၀၀၀ကို လက်ခံပြီး ခရိုင်အတွင်းရှိ မြို့နယ် ၁၃မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများအတွက် အရင်းမပျောက် မတည်ငွေကျပ် ၅၀၀၀၀စီကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများထံ ပေးအပ်သည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်များသည် ခန်းမအတွင်း၌ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းများ၏ မိသားစု ဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်ပြသမှုများကို ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၁–၈–၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာသည်များ (ညောင်ဦးဖိုးချို့နှင့်တွေ့ဆုံခြင်း)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကြယ်ပွင့်များနှင့်စကားလက်ဆုံ
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	Myanmar Video Rhythm
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	အသည်းရောင်အသားဝါ (စီ)ပိုးကိုဘယ်လိုကုကြမလဲ (ဒေါက်တာခင်မောင်ဝင်း)
၉း၂၀	တေးဂီတအစီအစဉ်
၉း၂၅	ရန်ကုန်–ကျောက်ဖြူ လမ်းမကြီးဖွင့်ပွဲ အပိုင်း(၂)
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံဘဝတွင် (အဲလက်စ်၊ ခင်အိအိခင်)
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	ရန်ကုန်ထရန်စဖော်မာ
၁၀း၃၀	တေးဂီတအစီအစဉ်
၁၀း၃၅	သုံးဆယ်ရေလှောင်တမံ
၁၀း၄၅	ဆုရအက
၁၀း၅၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	‘ဒါ’ဖောရိန်းမိတ်တဲ့လားဗျာ (ထူးသာ၊ညီဂျော်၊ဆုပန်ထွာ)
၁၁း၁၅	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၂၀	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသောမြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	အံ့မခန်းမြန်မာ့ပန်းပုပညာလက်ရာ ရွှေကူတံကဲတော်ကြီး
၁၁း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	လိုက်နာကြပါ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းကျန်းမာရေးသီတင်းပတ်

၂၀၀၆ ခုနှစ်၊ ဩဂုတ်လ (၁၄)ရက်မှ (၁၈)ရက်

အခြေခံပညာကျောင်းအားလုံး ပါဝင်ဆောင်ရွက်ကြပါစို့

ပညာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြား

၁၁–၈–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၁၅	၄။	ကျန်းမာရွှင်လန်း ယောဂအစွမ်း
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီး သီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသ သတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆း၄၀	၁၄။	လှျပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“သံယောဇဉ်”** (အပိုင်း–၅)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (ဒုတိယတွဲ) (အပိုင်း–၁၆)

11-8 (02).p65 1 1/1/32, 1:53 PM

■ **ရှေ့ဖုံးမှ**

စွမ်းရည်ပြ ထွန်ယက်နေမှုများကို ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လှည့်လည် ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးကျင်းပသော စပါးခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားသို့ တက်ရောက်၍ တက်ရောက်လာကြသူများနှင့်အတူ မြက်စားငါးကြင်းနှင့် ငါးခုံးမ သားပေါက်ကောင်ရေ ၅၀၀၀၀ကို စပါးစိုက်ခင်းများအတွင်းသို့ စိုက်ထည့်ပေးကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်း စိုက်ပျိုးရေးပြခန်းသို့ရောက်ရှိကြရာ ပြည်နယ်စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးကျော်သန်းက စိုက်ပျိုးမြေအသုံးချမှု၊ မြေသြဇာအကျိုးရှိစွာ အသုံးပြုမှု၊ ရေဆင်းစပ်မျိုးပြောင်း၊ ရွှေရင်အေးစပါးနှင့် အာလူးပျိုးထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ခြံစည်းရိုးကြက်ဆူပင်တွင် ကျရောက်သည့် ပိုးမွှားများနှိမ်နင်းမှုဆိုင်ရာများကို ပြခန်းအတွင်း လိုက်လံရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် သီးနှံအထွက်နှုန်း ကောင်းမွန်ရေးတို့အတွက် ခေတ်မီစိုက်ပျိုးရေးနည်းပညာများ အသုံးပြုဆောင်ရွက်နိုင်အောင် စိုက်ပျိုးရေး ဝန်ထမ်းများက ကျေးလက်ဒေသ တောင်သူများအား ကျယ်ကျယ်ပြန့်ပြန့် ကွင်းဆင်းပညာပေးဖြန့်ဖြူး ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် တောင်ကြီး၊ ရပ်စောက်၊ ဟိုပုံး၊ ကလောမြို့နယ်များမှ ယခုနှစ်စိုက်ပျိုးရာသီတွင် ထွက်ရှိသော ခြံစည်းရိုးကြက်ဆူသီး နမူနာများနှင့် ဒေသထွက်မြေသြဇာ နမူနာများကို လှည့်လည်ကြည့်ရှု အားပေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆုများချီးမြှင့်

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ လက်တွန်းထွန်စက် စွမ်းရည်သရုပ်ပြပွဲ ဂုဏ်ပြုဆု၊ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့် စွမ်းရည်သရုပ်ပြဂုဏ်ပြုဆု၊ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အထူးဆုများကို တာဝန်ရှိသူများကလည်းကောင်း၊ ကောက်စိုက်စွမ်းရည် တတိယဆုရ သံတဲကျေးရွာအုပ်စု ကောက်စိုက်အသင်းနှင့် ဒုတိယဆုရ ကုံလုံကျေးရွာအုပ်စု ကောက်စိုက်အသင်းတို့အား တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးကလည်းကောင်း၊ ကောက်စိုက်စွမ်းရည် ပထမဆုရ ရွှေညောင်ကျေးရွာအုပ်စု ကောက်စိုက်အသင်းအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲဝင် ကောက်စိုက်လုံမေများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ၂၀၀၆–၂၀၀၇ ခုနှစ်အတွင်း မိုးစပါး စုစုပေါင်း ဧက ၃၉၀၁၀ စိုက်ပျိုးရန်လျာထားရာ ယခု အထိ စုစုပေါင်း၃၃၀၂၇ဧက စိုက်ပျိုးပြီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဦးဉာဏ်ဝင်းခေါင်းဆောင်သောအဖွဲ့ အိန္ဒိယမှပြန်လည်ရောက်ရှိ ဘင်းမ်စတက်(၉)ကြိမ်မြောက်ဝန်ကြီးအဆင့် အစည်းအဝေးတက်ရောက်ခဲ့

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ကဏ္ဍစုံနည်းပညာနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ ဦးဆောင်ဦးရွက်ပြုမှု အစီအစဉ် (ဘင်းမ်စတက်)၏ (၉)ကြိမ်မြောက်ဝန်ကြီးအဆင့်အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာကြသည်။

ပြန်လည်လိုက်ပါ

ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းမြ၊ စွမ်းအင်ဝန်ကြီးဌာန စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးစိုးမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးမြင့်ရွှေ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇေယျာထွန်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန စီးပွားရေးဌာနမှ ဌာနစုမှူး(၁) ဦးကျော်စိုးသိန်းတို့ ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင် စက်ခေါင်းစက်ရုံ(အင်းစိန်)အစည်းအဝေးခန်းမ၌ စက်ရုံ ဒုတိယအထွေထွေမန်နေဂျာနှင့် အရာထမ်း၊ ကြီးကြပ်ရေးဝန်ထမ်းများအား အမှာစကား ပြောကြားစဉ်။

(ရထား)

မြင်းကောင်ရေ ၁၁၀၀အား စက်ခေါင်းတစ်လုံး လေ့ကျင့်တည်ဆောက်ပြီး စမ်းသပ်ခဲ့ရာအောင်မြင် ရန်ကုန်–မန္တလေးလူစီးရထား၌ ထည့်သွင်းပြေးဆွဲလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၀

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးသူရဦးသောင်းလွင်သည် ယမန်နေ့နံနက် ၈နာရီတွင် စက်ခေါင်းစက်ရုံ(အင်းစိန်) အစည်းအဝေးခန်းမ၌ စက်ရုံဒုတိယအထွေထွေမန်နေဂျာ ဦးစောဇယ်လင်တိုင်း၊ အရာထမ်း၊ ကြီးကြပ်ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားရာတွင် ယခုအခါ ရထားစီးခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု တိုးတက်များပြားလာသဖြင့် ရထားများပိုမို ပြေးဆွဲရန်လိုအပ်လာကြောင်း၊ ထို့ကြောင့် ပြည်တွင်း၌ စက်ခေါင်း၊ လူစီးတွဲနှင့် ကုန်တွဲများကို အဆင့်မြင့်မြင့် တည်ဆောက်ပေးရန် လိုအပ်လာကြောင်း၊ မြင်းကောင်ရေ ၁၁၀၀ အား စက်ခေါင်းတစ်လုံးကို မကြာမီက လေ့ကျင့်တည်ဆောက်ပြီး စမ်းသပ်ခဲ့ရာ အောင်မြင်သဖြင့် ယခုအခါ ရန်ကုန်–မန္တလေး လူစီးရထား၌ ထည့်သွင်း ပြေးဆွဲလျက်ရှိကြောင်း၊ ယခုဆက်လက်၍ လေ့ကျင့်တည်ဆောက်မှုအဆင့်မှ တိုးမြှင့်၍ စက်ခေါင်းများကို ပြည်တွင်းစက်ပစ္စည်းများဖြင့် တတ်နိုင်သမျှအခြေခံ၍ တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ ပထမအဆင့်တွင် မြင်းကောင်ရေ ၁၂၀၀ အားအင်ဂျင်ကို အလုံးလိုက်ဝယ်ယူရမည်ဖြစ်သော်လည်း နောက်ပိုင်း၌ ပြည်တွင်း၌ တည်ဆောက်သွားရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက်တာဝန်ရှိသူများက ဖွဲ့စည်းထားသော အဖွဲ့များအလိုက် ပြင်ဆင်ဆောင်ရွက်မှု၊ ပစ္စည်းစုဆောင်းမှု၊ ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပူးတွဲထုတ်လုပ်မည့် ပစ္စည်းအစိတ်အပိုင်းများကို ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီးသည်ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဆူးလေဆိပ်ကမ်း အမှတ်(၅) ဆိပ်ခံဇောတံတား၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မေတ္တာလက်ဆောင်အဖြစ် ဒုတိယအသုတ် ရောက်ရှိလာသည့် လူစီးတွဲ ၄၀ ကို M.V AN XIN JIANG သင်္ဘောပေါ်မှ ချယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဒုတိယအသုတ် ရောက်ရှိလာသည့် လူစီးတွဲ ၄၀ ၌ အိပ်စင် ၂၀ ပါ လေအေးစက်တပ်ဆင်ထားသည့် အထက်တန်းအိပ်စင်တွဲ တစ်တွဲ၊ အိပ်စင် ၂၀ ပါ အထက်တန်း အိပ်စင်တွဲ နှစ်တွဲ၊ အိပ်စင် ၂၀ ပါ ရိုးရိုးတန်း အိပ်စင်တွဲ ကိုးတွဲ၊ ထိုင်ခုံ ၆၂ ခုံပါ ရိုးရိုးတန်းထိုင်ခုံတွဲ ၂၂ တွဲ၊ စားသောက်တွဲ လေးတွဲ၊ စာတိုက်တွဲ တစ်တွဲ၊ ဌာနဆိုင်ရာတွဲ တစ်တွဲတို့ပါရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်နယ်မိခင်/ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့်အမျိုးသမီးရေးရာအဖွဲ့ သူနာပြု/ သားဖွားသင်တန်းကျောင်းသို့အပ်ချုပ်စက်လှူဒါန်းပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၁၀

ကယားပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့တို့က သူနာပြု/သားဖွားသင်တန်းကျောင်းသို့ အပ်ချုပ်စက်များ ပေးအပ်လှူဒါန်းပွဲနှင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင်၂၇ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ရှိ သူနာပြုသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းက အမှာစကားပြောကြားပြီး အပ်ချုပ်စက် တစ်လုံးကို ပေးအပ်လှူဒါန်းရာ သင်တန်းကျောင်းမှ ကျောင်းအုပ် ဒေါ်တင်တင်အေးက လက်ခံသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ခင်နွယ်အေးက အပ်ချုပ်စက်တစ်လုံးကို ပေးအပ်လှူဒါန်းရာ သင်တန်းသူနှစ်ဦးတို့က လက်ခံပြီး ကျောင်းအုပ်ဒေါ်တင်တင်အေးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် အသိပညာပေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ် ပြည်သူ့ဆေးရုံကြီးမှ သားဖွား/မီးယပ် အထူးကုဆရာဝန်ကြီး ဒေါက်တာစိုးလွင်က အမျိုးသမီးမျိုးပွားအင်္ဂါများဆိုင်ရာ ကင်ဆာရောဂါများ ကာကွယ်ကုသခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး သိရှိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားကြသည်။

ကြည့်ရှုအားပေး

ထိုမှတစ်ဆင့် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုချိုသန်းသည် လွိုင်ကော်မြို့ရှိ ပြည်နယ် ပြည်သူ့ဆေးရုံကြီး သားဖွားနှင့်မီးယပ်ဆောင်သို့ သွားရောက်၍ ဆေးရုံတက် မိခင်နှင့်ကလေးများအား လှည့်လည်ကြည့်ရှုအားပေးကာ အလှူငွေများကိုပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စိတ်ထားကြံ့ခိုင် ပန်းတိုင်ချီတက် အောင်ပွဲဆက်

မုတ်သုံလေအားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၀

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းတွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်၌ ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေသည်။

ဩဂုတ်၁၁ရက် ညနေအထိခန့်မှန်းချက်အရ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ကမ်းရိုးတန်းဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင်၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားကောင်းမည်ဟု သိရသည်။ (မြန်မာ့အလင်း)

အခြေခံစည်းရုံးရေး သင်တန်းဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၅)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက်က ကျိုက္ကဆံရပ်ကွက် ဓမ္မာရုံတွင် ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ဝင်းနှင့် ဦးဝင်းအောင်ကျော်၊ အနောက်ပိုင်းခရိုင် အလုပ်အမှုဆောင် ဒေါ်စန်းစန်းဝင်း၊ မြို့နယ်အသင်း အတွင်းရေးမှူး ဦးရဲကျော်သူရွှေနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး တိုင်းအလုပ်အမှုဆောင် ဦးတင်ဝင်းက အမှာစကား ပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

11-8 (03).p65 1 1/1/32, 1:54 PM

မီးယွန်မီးတောင်အနီးရှိ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့

မနီလာ ဩဂုတ် ၁၀

ပေါက်ကွဲလုဖြစ်နေသော မီးယွန်မီးတောင်အနီးရှိ ဖိလစ်ပိုင်ဒေသခံ ၁၅၀၀၀ နီးပါးအား ဩဂုတ်၇ရက်က ၎င်းတို့၏ နေအိမ်များမှနေ၍ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း အာဏာပိုင်များက ပြောကြားသည်။

ရှာဖွေ

အစိုးရနှင့် တပ်မတော်သားများ၏ အကူအညီဖြင့် နိုင်ငံတော်က ဖွင့်လှစ်ပေးထားသော ပြန်လည်နေရာချထားရေးနေရာများတွင် ၎င်းတို့သည် အမိုးအကာအောက်ရရှိရန် ရှာဖွေနေခဲ့ရကြောင်း အယ်ဘေးပြည်နယ် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေး အရာရှိ စီဒရစ်ဒိက ဆင်ဟွာသို့ ပြောကြားသည်။

ယာယီပိတ်ထား

ကျောင်းအချို့အား ပြောင်းရွှေ့နေရာချထားရေး နေရာများအဖြစ် အသုံးပြုထားသောကြောင့် ကျောင်းများကို ယာယီပိတ်ထားရကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ

မီးယွန်မီးတောင်

ဖိလစ်ပိုင်နိုင်ငံ မီးယွန်မီးတောင်မှ ချော်ရည်များစီးဆင်းကျနေသည်ကို ဩဂုတ်၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ကိုယ်ဝန်ဆောင်များ ထိုင်ခုံနေရာရရှိရေး တိုကျိုမြို့ မီးရထားကုမ္ပဏီများစီစဉ်နေ

တိုကျို ဩဂုတ် ၁၀

ဂျပန်နိုင်ငံ မြို့တော်တိုကျို၏ လူစည်ကားသော မီးရထားများတွင် ကိုယ်ဝန်ဆောင် အမျိုးသမီးများအား ထိုင်ခုံနေရာပေးရန် ခရီးသွားများအား တိုက်တွန်းနှိုးဆော်မှု ပြုလုပ်ရာတွင် တိုကျိုမီးရထား ကုမ္ပဏီများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများကို ရင်ထိုးတံဆိပ်များ ပြုလုပ်ပေး၍ ဆောင်ရွက်နေကြောင်း ဩဂုတ်၉ရက် ရိုက်တာသတင်းတွင် ဖော်ပြပါရှိသည်။

၎င်းနေရာသည် ကျွန်ုပ်ဝမ်းဗိုက်အတွင်းမှ ကလေး၏နေရာဖြစ်သည်ဟု ပန်းရောင်နှင့်အပြာရောင် ရင်ထိုးတံဆိပ်များတွင် ရေးသားဖော်ပြထားသည်။ ယင်းရင်ထိုးတံဆိပ် တပ်ဆင်ထားသူ ခရီးသွားများသည် ကိုယ်ဝန်ဆောင် အမျိုးသမီးများဖြစ်သည်ဆိုသည်ကို အလွယ်တကူ သိရှိစေရန်အတွက် တိုကျိုမြို့ဝန်းကျင်ရှိ ဘူတာရုံများတွင် လိုက်လံအသိပေး နှိုးဆော်နေကြောင်း၊ ကိုယ်ဝန်ဆောင်အမျိုးသမီးဖြစ်ကြောင်း သက်သေသာဓက မရှိခင်တုန်းက ကိုယ်ဝန်ဆောင်အမျိုးသမီးများသည် မကြာခဏ မတ်တပ်ရပ်၍ စီးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

၎င်းရင်ထိုး တံဆိပ်များသည် ၎င်းတို့၌ ကိုယ်ဝန်ရှိကြောင်း ခရီးသည်များ အလွယ်တကူ သိရှိစေရန်အတွက် အထောက်အကူပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မလေးရှား၌ အာဆီယံနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ကွာလာလမ်ပူ ဩဂုတ် ၁၀

မလေးရှားနိုင်ငံက အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ဖွဲ့စည်းထူထောင်သည့် (၃၉)နှစ်မြောက် အထိမ်းအမှတ်အဖြစ် အလံလွှင့်တင်ပွဲ အခမ်းအနားကို ဩဂုတ် ၈ရက်က ကျင်းပခဲ့သည်။

အာဆီယံနိုင်ငံများသည် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းသစ်များဖြင့် စည်းလုံးညီညွတ်သော အာဆီယံကို ဖန်တီးတည်ဆောက်နေကြောင်း မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဆေရက်ဟာမစ်က ပူထရာဂျာရား၌ ပြုလုပ်သော အလံတင်အခမ်းအနား၌ ပြောကြားသည်။

အာဆီယံ အသိုက်အမြုံ မွေးဖွားလာခြင်းကို သိရှိစေရန်လည်းကောင်း၊ အာဆီယံပြည်သူများအကြား အာဆီယံကိုသတိမူရန်လည်းကောင်း ကျင်းပခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အာဆီယံအဖွဲ့ကြီးကို ၁၉၆၇ခုနှစ် ဩဂုတ်၈ရက်က ဗန်ကောက်၌တည်ထောင်ခဲ့ပြီး မူလငါးနိုင်ငံဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့ပါဝင်ကြောင်း သိရသည်။

ယခုအခါ အဆိုပါဒေသဆိုင်ရာ အာဆီယံအဖွဲ့ကြီးသည် မြန်မာ၊ ဘရူနိုင်း၊ဗီယက်နမ်၊လာအိုနှင့်ကမ္ဘောဒီးယား နိုင်ငံတို့အပါအဝင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။

အာဆီယံနိုင်ငံများသည် ယခုနှစ်တွင် အာဆီယံနှင့် လူငယ်များဟူသော ခေါင်းစဉ်ဖြင့် (၃၉)ကြိမ်မြောက် အာဆီယံနေ့ကို ကျင်းပခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ လူစည်ကားသော မီးရထား ဘူတာရုံတစ်နေရာကို ဩဂုတ်၉ရက်က တွေ့ရစဉ်။(ဓာတ်ပုံ–အင်တာနက်)

အသက် ၈၈အရွယ် အိန္ဒိယအဘိုးအို ကလေးအဖေဖြစ်လာ

နယူးဒေလီ ဩဂုတ် ၁၀

အသက် ၈၈နှစ်ရှိ အိန္ဒိယလယ်သမား အဘိုးအိုတစ်ဦးသည် သားတစ်ယောက်၏အဖေ ဖြစ်လာခဲ့ကြောင်း အိန္ဒိယတိုင်းမ် သတင်းစာက ဩဂုတ်၈ရက်တွင် ဖော်ပြထားသည်။

အမွှာပူး

ဥစ္စာခန ချမ်းသာသော ဗာမာရမ်ဂျက် အမည်ရှိ ၎င်းသည် အနောက်ပိုင်း သဲကန္တာရ ရာဂျက်သန်ပြည်နယ် ဘာမာဒေသရှိ ကျေးရွာတစ်ရွာတွင် နေထိုင်လျက်ရှိကြောင်း သတင်းစာတွင်ဖော်ပြပါရှိသည်။ ကလေးဘဝကတည်းကစ၍ ခရီးဝေးလမ်းလျှောက်ပြီး ကုလားအုပ်နို့ကို သောက်သုံးခဲ့သည်။ ၎င်း၏အသက်ထက် ၄၅နှစ်လောက်ငယ်သော တတိယမြောက် ဇနီးသည်ပြီးခဲ့သောလက ယောက်ျားလေးအမွှာပူးမွေးဖွားခဲ့သည်။သို့သော်တစ်ယောက်သာ အသက်ရှင်ကျန်ရစ်သည်။

ဂျက်သည် ကျေးရွာသားများနှင့်အတူ ၎င်း၏သားမွေးနေ့ပွဲကို ကျင်းပခဲ့ပြီး နောက်ထပ် ကလေးတွေ အများကြီးရအောင် ကြိုးပမ်းသွားမည်ဟု ပြောကြားလိုက်သည်။

၎င်းသည် သက်သတ်လွတ်စားပြီး ဆေးလိပ်နှင့်အရက် လုံးဝသောက်သုံးခြင်းမရှိဟုလည်း သိရသည်။

အမ်အင်အေ၊ ရိုက်တာ

နိုင်ငံမွန်ဂိုးလီးယား၌ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုတိုးတက်

အဘူဂျာ ဩဂုတ် ၁၀

လွန်ခဲ့သောသုံးနှစ်အတွင်းတွင် နိုင်ဂျီးရီးယားနိုင်ငံ၌ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ်လာ သုံးဘီလီယံအထိ တိုးတက်လာခဲ့ကြောင်း နိုင်ဂျီးရီးယားနိုင်ငံသံအမတ်ကြီး ဝမ်ယောင်ကျူက ဩဂုတ်၈ရက်၌ ပြောကြားသည်။

နိုင်ငံတော်၏ ညွှန့်ဂေဟာ၌ နိုင်ဂျီးရီးယားသမ္မတအား တွေ့ဆုံ နှုတ်ဆက်ရန် သွားရောက်စဉ် ဝမ်ကမှတ်ချက်ပြု ပြောကြားလိုက်ခြင်းဖြစ်သည်။

တိုးတက်

၂၀၀၂ခုနှစ်မှ ၂၀၀၅ ခုနှစ်ကာလအတွင်း တရုတ်နှင့်နိုင်ဂျီးရီးယားနိုင်ငံ အပြန်အလှန် ကုန်သွယ်မှုသည်လည်း အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံမှ ၃ဘီလီယံကျော်အထိ တိုးတက်ခဲ့ကြောင်း ဝမ်က ပြောကြားသည်။

မှတ်ယူ

နှစ်နိုင်ငံကြား ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်လာရေးနှင့် လူဦးရေထူထပ်လာသော အာဖရိကနိုင်ငံတွင် တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုသည် နှစ်နိုင်ငံ ခေါင်းဆောင်များ၏ ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုဟု မှတ်ယူကြောင်း ဝမ်က ထပ်လောင်းပြောကြားသည်။

ယုံကြည်မှု

တရုတ်နှင့်နိုင်ဂျီးရီးယား နှစ်နိုင်ငံအကြား ဆက်ဆံရေး တိုးတက်လာရန်နှင့် အပြန်အလှန် ယုံကြည်မှု နက်ရှိုင်းလာအောင် နိုင်ဂျီးရီးယား သမ္မတ အိုဘာဆန်ဂျိုက ဦးဆောင်ဦးရွက်ပြုခဲ့ကြောင်း၊ ယခုဆိုလျှင် ကျွန်ုပ်တို့သည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ပြီး နှစ်နိုင်ငံ ခေါင်းဆောင်များ အပြန်အလှန် ချစ်ကြည်ရေးခရီး လည်ပတ်ခဲ့ကြကြောင်း ဝမ်က ပြောကြားလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကာနာကျေးရွာကို အစ္စရေးလေကြောင်းမှ တိုက်ခိုက်မှု နိုင်ငံတကာဥပဒေ ချိုးဖောက်ရာကျရောက်နိုင်

ကုလသမဂ္ဂ ဩဂုတ် ၁၀

လက်ဘနွန်နိုင်ငံအတွင်း ဟစ်ဇ်ဘိုလာပြောက်ကျားများနှင့် အစ္စရေးတပ်များ တိုက်ခိုက်ကြစဉ် လက်ဘနွန်တောင်ပိုင်းရှိ ကာနာကျေးရွာကို အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခြင်းမှာ နိုင်ငံတကာဥပဒေကို ချိုးဖောက်ရာကျရောက်နိုင်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ တနင်္လာနေ့ အစီရင်ခံစာ၌ ဖော်ပြထားသည်။

အရပ်သား အများအပြား ထိခိုက်သေဆုံးသည့် ဇူလိုင်၃၀ရက်က ကာနာကျေးရွာအား အစ္စရေးက လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းကို ထပ်မံ၍ အသေအချာ စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က တိုက်တွန်းလိုက်သည်။

အရပ်သားအနည်းဆုံး ၂၈ဦး သေဆုံးရာတွင် ကလေး၁၆ဦးပါဝင်သည်။ ထိုကိစ္စကို ထပ်မံစုံစမ်းစစ်ဆေးရန် တောင်းဆိုခြင်းကို မိမိထောက်ခံကြောင်း၊ အရပ်သားများအား ပစ်မှတ်ထား တိုက်ခိုက်မှုအားလုံးကို မိမိအကြိမ်ကြိမ် ပြစ်တင်ရှုတ်ချခဲ့ကြောင်း၊ ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်းအား နိုင်ငံတကာလူသားချင်း စာနာထောက်ထားရေးဥပဒေကို လေးစားလိုက်နာကြပါရန် မိမိထပ်မံတိုက်တွန်းကြောင်း၊ အထူးသဖြင့် အရပ်သားများ၏ အသက်အိုးအိမ်စည်းစိမ်ကို ခြွင်းချန်ထားရန်လိုအပ်သော ကြိုတင်အစီအမံများ ချထားရမည်ဖြစ်ကြောင်းကို ကိုဖီအာနန်က ပြောကြားသည်။

အမ်အင်အင်အေ၊ဆင်ဟွာ

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတိုင်ယာမြို့အား အစ္စရေးတို့ လေကြောင်းမှ တိုက်ခိုက်နေသည်ကို ဩဂုတ် ၉ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဂျပန်မင်းသမီးကီကို ဗိုက်ခွဲမွေးမည်

တိုကျို ဩဂုတ် ၁၀

ဂျပန်မင်းသမီးကီကိုသည် ဂျပန်ထီးနန်းဆက်ခံဖွယ်ရှိသော ကိုယ်ဝန်ကို စက်တင်ဘာ ၆ရက်ခန့်တွင် ဗိုက်ခွဲမွေးဖွားလိမ့်မည်ဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းဌာနက ဩဂုတ် ၈ရက်၌ သတင်းထုတ်ပြန်သည်။

အသက် ၃၉နှစ်ရှိ မင်းသမီးကီကိုသည် ဂျပန်ဧကရာဇ် ဘုရင်အကီဟီတို၏ သားငယ် အိမ်ရှေ့မင်းသားအကီရှီတို၏ဇနီးဖြစ်ပြီး သူမအားကိုယ်ဝန်ဆောင်မှု ရှုပ်ထွေးခက်ခဲမှုမဖြစ်စေရန် စက်တင်ဘာလနှောင်းပိုင်း၌ မွေးရက်ပြည့်မည်ဖြစ်သော်လည်း ထိုရက်မတိုင်မီ ဗိုက်ခွဲမွေးမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်မင်းသမီးကီကို။

ဂျပန်ဘုရင်မိသားစုတွင် ၁၉၆၅ခုနှစ် ကတည်းက သားယောကျ်ားလေး တစ်ဦးမျှ မွေးဖွားခဲ့ခြင်းမရှိပေ။

အကယ်၍သာ မင်းသမီးကီကိုသည် သားယောကျ်ားလေးမွေးဖွားခဲ့သော် ၁၉၄၇ခုနှစ်က အမျိုးသမီးများထီးနန်းဆက်ခံခွင့်ဆိုင်ရာဥပဒေကို ပြန်လည်သုံးသပ်ရေးအတွက် အဟန့်အတားဖြစ်စေလိမ့်မည်ဖြစ်သည်။

သို့မဟုတ်လျှင် ဂျပန်ဘုရင်၏သားကြီး အိမ်ရှေ့မင်းသားနာရုဟီတို၏ အသက်လေးနှစ်အရွယ် မင်းသမီးအိုက်ကိုသည် ဂျပန်ထီးမွေနန်းမွေကို ဆက်ခံဖွယ်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

မလေးရှား၌ သီးနှံမျိုးစေ့ဘဏ်ထူထောင်ရန် စီစဉ်

ကွာလာလမ်ပူ ဩဂုတ် ၁၀

မလေးရှားနိုင်ငံသည် ပန်းမန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စိုက်ပျိုးရန် ကိုယ်ပိုင်မျိုးစေ့ဘဏ်တစ်ခု ထူထောင်ထားရှိရန် စီစဉ်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၈ ရက်၌ ပြောကြားသည်။

တင်သွင်း

ယင်းစီမံကိန်းမှာ မလေးရှားနိုင်ငံ၏ နဝမမြောက် (၂၀၀၆-၂၀၁၀)စီမံကိန်းဖြစ်သည်။ ၎င်းမျိုးစေ့ဘဏ်မှာ တောင်သူလယ်သမားများ မျိုးစေ့တင်သွင်းခြင်းကို မှီခိုနေရခြင်းမှ လျှော့ချပေးလိမ့်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးမူဟာစ်ဒင်ရက်ဆင်က ပြောကြားသည်။

ယင်းမျိုးစေ့ဘဏ် တည်ထောင်ခြင်းသည် ငွေပမာဏများစွာ လိုအပ်မည် မဟုတ်ကြောင်း၊ စတင်လုပ်ဆောင်ရန် လွယ်ကူလိမ့်မည်ဖြစ်ကြောင်း ကွာလာလမ်ပူမြို့အနီးရှိ မလေးရှားစိုက်ပျိုးရေး သုတေသနနှင့် ဖွံ့ဖြိုးရေးဌာန၌ အာရှမျိုးစေ့ညီလာခံ ၂၀၀၆အကြိုအဖြစ် ကျင်းပအပြီး မူဟာစ်ဒင်က သတင်းထောက်များအား ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပါကစ္စတန်နိုင်ငံ ကက်ရှ်မီးယားတွင်မြေပြို ယမန်နှစ် ငလျင်ဒဏ်ခံရသည့်လူငါးဦးသေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၁၀

ပါကစ္စတန်နိုင်ငံက ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ယမန်နှစ်အတွင်းက အပျက်အစီးများဖြစ်ပွားခဲ့သော ငလျင်တွင် အသက်ရှင်လွတ်မြောက်သူများထဲမှ ငါးဦးသည် ဩဂုတ် ၈ ရက်က မြေပြိုမှုများကြောင့် ၎င်းတို့၏ ယာယီအမိုးအကာနှင့် အိမ်များ ထိခိုက်ပျက်စီးကာ သေဆုံးခဲ့ရသည်။

ထိခိုက်ပျက်စီး

အဆိုပါဒေသ၏ မြို့တော် မူဇာဖာရပ်မြို့၏ အရှေ့တောင်ဘက် ၆၃ ကီလိုမီတာအကွာရှိ ဗလာဗန်ဒီရွာတွင် ဩဂုတ် ၇ ရက်ညပိုင်းက လူအများအိပ်ပျော်နေချိန်တွင် မြေပြိုမှုဖြစ်ပွားခဲ့ရာ ယာယီအမိုးအကာနှင့် အိမ်ခြောက်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိ

ယင်းမြေပြိုမှုတွင် ကလေး လေးဦးအပါဝင် မိသားစုတစ်စုအတွင်းမှ ငါးဦးသေဆုံးခဲ့ပြီး လေးဦးဒဏ်ရာရရှိသွားခဲ့သည်။

ရှာဖွေတွေ့ရှိ

ကယ်ဆယ်ရေး သမားများသည် အပျက်အစီးများကြားမှ အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သေဆုံးသူများတွင် မိခင်၊ ၎င်း၏သားသုံးယောက်နှင့်သမီးတစ်ယောက်တို့ပါဝင်ကြောင်း သိရသည်။

အဆိုပါ မြေပြိုမှုဖြစ်ပွားသည့်နေရာမှ အခြားယာယီတဲငါးလုံးရှိ နေထိုင်သူများသည်လည်း ဘေးလွတ်ရာသို့ ထွက်ပြေးကြကြောင်း ရဲအဖွဲ့က ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

ဘဂ္ဂဒက်မြောက်ပိုင်း၌ ဘဏ်ဓားပြတိုက်မှုဖြစ်ပွား

ဘဂ္ဂဒက် ဩဂုတ် ၁၀

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြောက်ပိုင်းရှိ အစိုးရဘဏ်တိုက်တစ်ခုတွင် ဩဂုတ် ၉ ရက်က ဓားပြတိုက်မှုဖြစ်ပွားခဲ့ရာ သေနတ်သမားများ ပစ်ခတ်မှုကြောင့် ဘဏ်အစောင့်သုံးဦးနှင့် ဘဏ်ဝန်ထမ်းနှစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဖြစ်ပွားမှုသည် ရပ်ဘာခါဘွန်းမြို့ အနီးတွင် နံနက်ပိုင်းက သေနတ်သမားများသည် ဘဏ်တိုက်အတွင်းသို့ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အစောင့်ဝန်ထမ်းသုံးဦးနှင့် ဘဏ်အလုပ်သမားနှစ်ဦးကို သတ်သွားခဲ့ကြောင်း အဆိုပါသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

အကြမ်းဖက်သေနတ်သမားများသည် ငွေအမြောက်အမြားယူဆောင်ကာ ၎င်းတို့ကားသုံးစီးဖြင့် ထွက်ပြေးသွားခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဆက်လက်ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

လက်နက်ကုမ္ပဏီများအပေါ် အမေရိကန်အရေးယူပိတ်ဆို့မှု ရုရှားနှင့်အမေရိကန်ဆက်ဆံရေးကို ထိခိုက်လာနိုင်ဟုဆို

မော်စကို ဩဂုတ် ၁၀

အမေရိကန်နိုင်ငံသည် ရုရှားနိုင်ငံ၏ ဦးဆောင်ဦးရွက်ပြုနေသော လက်နက်များ ပြည်ပတင်ပို့သည့် ကုမ္ပဏီနှစ်ခုအပေါ် အရေးယူပိတ်ဆို့ခြင်းနှင့်ပတ်သက်၍ အမေရိကန်သည် မိတ်ဆွေမဆန်သော အပြုအမူကို လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ဆောင်ချက်သည် အမေရိကန်နှင့် ရုရှားနိုင်ငံ၏ဆက်ဆံရေးကို ထိခိုက်လာနိုင်ကြောင်း ကရင်မလင်နန်းတော်က ဩဂုတ် ၈ရက်၌ သတိပေးပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် ကြိုးပမ်းလုပ်ဆောင်နေသည်ဟု အမေရိကန်က စိုးရိမ်ပူပန်နေသော အီရန်နိုင်ငံအား တားမြစ်ထားသော ပစ္စည်းများရောင်းချခြင်းအတွက် ရုရှား၊ အိန္ဒိယ၊ မြောက်ကိုရီးယားနှင့် ကျူးဘားမှ ကုမ္ပဏီခုနစ်ခုအပေါ် အမေရိကန်က အရေးယူပိတ်ဆို့ကြောင်း ဩဂုတ် ၄ ရက်က ကြေညာခဲ့သည်။

အရေးယူပိတ်ဆို့

ရုရှားနိုင်ငံ သမ္မတပူတင်၏ အရင်းနှီးဆုံးမိတ်ဆွေ ဦးဆောင်သော ပြည်ပပို့ကုန်အေဂျင်စီ ရိုဆိုဘိုရွန်နက်ပို့နှင့် နိုင်ငံတော်ပိုင် စစ်လေယာဉ်များထုတ်လုပ်သည့် ဆူခွိုင်းကုမ္ပဏီများအား အမေရိကန်က အရေးယူပိတ်ဆို့ခဲ့သည်။

မပြုလုပ်သင့်

ယခုလိုပြုလုပ်ခြင်းသည် တရားမမျှတသော ယှဉ်ပြိုင်မှုနှင့်တူကြောင်း၊ ရုရှားနိုင်ငံကို မိတ်ဆွေမဆန်သော အပြုအမူမျိုး ပြုလုပ်ခြင်းဖြစ်ကြောင်း ပူးပေါင်း ရိုင်းပင်းလိုစိတ်မျိုးတွင် ယခုလို မပြုလုပ်သင့်ကြောင်း ကရင်မလင်နန်းတော်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရောင်းချ

ပြီးခဲ့သောနှစ်က ရုရှားနိုင်ငံသည် အီရန်နိုင်ငံအား မြေပြင်မှဝေဟင်ပစ်ဒုံးကျည်များ၊ ရုရှားတိုက်လေယာဉ်များနှင့် စစ်ဘက်သုံးရဟတ်ယာဉ်များကို ရောင်းချရန် စာချုပ်ချုပ်ဆိုခဲ့သည်။

သဘောတူ

ရုရှားနိုင်ငံမှ ရိုဆိုဘိုရွန်နက်ပို့အေဂျင်စီသည် ပြီးခဲ့သောလက ဗင်နီဇွဲလားနိုင်ငံသို့ အမေရိကန်ဒေါ်လာ သုံးဘီလီယံဖိုးရှိ လက်နက်အရောင်းအဝယ်ပြုလုပ်ရန် ကြေညာခဲ့သည်။ ပြီးခဲ့သောရက်သတ္တပတ်က ဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ် ရုရှားနိုင်ငံသို့ အလည်အပတ် ရောက်ရှိခဲ့စဉ်အတွင်း လက်နက်အရောင်းအဝယ် စာချုပ်ကို သဘောတူညီခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

အကျဉ်းသားများ ဖလှယ်ရေး ပါလက်စတိုင်းတိုက်ခိုက်ရေးအဖွဲ့ တောင်းဆို

ဂါဇာ ဩဂုတ် ၁၀

ဂျူးလက်ရှာလစ်အား ဖမ်းဆီးထားသော ပါလက်စတိုင်းတိုက်ခိုက်ရေးအဖွဲ့က ပြန်ပေးဆွဲထားသော အစ္စရေးစစ်သားအတွက် ထိပ်တန်းပါလက်စတိုင်းအကျဉ်းသား ၁၂ဦးအား လွှတ်ပေးရန်တောင်းဆိုလိုက်ကြောင်း လန်ဒန်အခြေစိုက် အာရပ်နေ့စဉ်သတင်းစာအယ်ဟာရပ်က ဩဂုတ် ၈ရက်တွင် ဖော်ပြသည်။

အကျဉ်းသားများစာရင်းတွင် ဖတ်ခေါင်းဆောင်မာဝမ်ဘာဂိုတီနှင့် အာမက်ဆားဒက်တို့ပါဝင်ကြောင်း အစ္စရေးခရီးသွားဝန်ကြီး ရေဟာဗန်စီအီဇီက ပြောကြားသည်။

အစ္စရေးတို့က ရှာလစ်လွတ်မြောက်ရေးအတွက် အစ္စရေးထောင်များတွင် ပါလက်စတိုင်းအမျိုးသမီးများနှင့် ကလေးငယ်များအား ဖမ်းဆီးထားခြင်းကို လွှတ်ပေးရန် အဆိုပါစစ်သွေးကြွများ၏တောင်းဆိုချက်ကို ပယ်ချလိုက်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

လျှာကိုသံချွန်ဖြင့်ဖောက်၍ စွမ်းစားပြသူ

လျှာကိုသံချွန်ဖြင့် အဖောက်ခံနေသူတစ်ဦးကို တွေ့ရစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကွမ်တုံးပြည်နယ် ဖိုရှမ်မြို့တွင် လူတစ်ဦးသည် ၎င်း၏လျှာကို သံချွန်ဖြင့်ဖောက်ပြီး တဖက်မှပြန်လည်ဆွဲထုတ်နေသည်ကို တွေ့ရခြင်းဖြစ်သည်။

(အင်တာနက်)



သစ်ရွက်ပန်းချီကား

သစ်ရွက်ပန်းချီကားတစ်ချပ်ကို တွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟေဘေးပြည်နယ် ဟန်ဒမ်ဒေသတွင် ကျူယူယောင်ဆိုသူသည် အငြိမ်းစားယူပြီးနောက် သစ်ရွက်၏ အကြောများပေါ်တွင် ပန်းချီကားများ ရေးဆွဲဖန်တီးပြီး အသက်မွေးဝမ်းကျောင်းပြုရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

❒ *ကျောဖုံးမှ*

တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့်ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်ရှိ ဟံသာဝတီ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကျန်စစ်သားလမ်း ထီးလှိုင်ရှင်အိမ်ရာအနီးရှိ ကိုယ်တိုင်ထုတ်လုပ်သူများ အခွန်လွတ်ဈေးသို့လည်းကောင်း၊ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက် သီရိမင်္ဂလာ မြို့ပတ်လမ်းရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း၊ မရမ်းကုန်းမြို့နယ်ရှိ နဝဒေး ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးသို့ လည်းကောင်း ရောက်ရှိပြီး အခွန်လွတ်ဈေးများအတွင်းရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာနနှင့် စွမ်းအင်ဝန်ကြီးဌာနတို့၏ စားသောက်ကုန်နှင့် လူသုံးကုန် အရောင်းဆိုင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်တိုင်းအတွင်းရှိ တပ်ရင်း တပ်ဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် ထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေး အထူးဇုန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ ကြက်ဥ၊ ကြက်သားနှင့် ဟင်းသီး ဟင်းရွက်အရောင်းဆိုင်များ၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငွေပင်လယ် မွေးမြူရေးနှင့် ရေလုပ်ငန်း ကုမ္ပဏီလီမိတက်၊ ကြည့်မြင်တိုင်မြို့နယ် ဗဟို စံပြငါးဈေးကြီးနှင့် ပုဂ္ဂလိက ကုမ္ပဏီများ၏ ဆိတ်သား၊ ဝက်သား၊ အမဲသား၊ ရေချို ရေငန်ငါးမျိုးစုံနှင့် နို့ထွက်ပစ္စည်းအရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်ကြီးများအသင်း၏ ဆန်အရောင်းဆိုင်များ၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ စားအုန်းဆီနှင့် ကုန်ခြောက်ပစ္စည်း အရောင်းဆိုင်များနှင့် မီးဖိုချောင်သုံးပစ္စည်း၊ ကုန်ခြောက်ပစ္စည်းနှင့် လူသုံးကုန် ပစ္စည်း အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက အခွန်လွတ်ဈေးအတွင်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းဝယ်ဖောက်ကားနေမှု အခြေအနေများကို လိုက်လံရှင်းလင်း တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက တာဝန်ရှိသူ များအား အခွန်လွတ်ဈေးများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များဖြစ်သည့် ဈေးနှုန်းသက်သာရမည်။ အလေးချိန် မှန်ရမည်၊ သန့်ရှင်းလတ်ဆတ်ရမည်။ ပြည်သူများ စိတ်ချမ်းသာရမည်။ ဆင့်ကဲကြပ်မတ် ကွပ်ကဲရမည်ဟူသည့် ကောင်းမွန်သော ရည်ရွယ်ချက်များနှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရေး၊ ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရေး၊ ဈေးရောင်းချသူများကလည်း သန့်ရှင်းလတ်ဆတ်သည့် ဟင်းသီးဟင်းရွက်များနှင့် သားငါးများကို ပြည်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချနိုင်ရေးတို့ကို မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

သာသနာ့နွယ်ဝင် သီလရှင်အပါး ၁၅၀ တို့အား ပစ္စည်းလေးပါးဒါန ဆက်ကပ်ပူဇော်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ကျုံ့ဂွါတရုတ် အမျိုးသမီးအဖွဲ့က ကြီးမှူး၍ သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီး ဆရာလေး အပါး ၁၅၀တို့အား ဆွမ်း၊ ဆေး၊ ဝတ်စုံ၊ နဝကမ္မ ပစ္စည်းလေးပါးဒါန ဆက်ကပ်ပူဇော်ပွဲ အခမ်းအနားကို ယနေ့နံနက်၁၀နာရီက မရမ်းကုန်းမြို့နယ် သမိုင်းကျိုက်ဝိုင်းရှိ သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါ အခမ်းအနားသို့ သာသနောဒယ(ပြည်)သီလရှင်စာသင်တိုက် ဦးစီးပဓာန နာယကမဟာ

ဂန္ထဝါစကပဏ္ဍိတ ဆရာကြီး ဒေါ်ပုညဝတီ ကြီးမှူးသော သာသနာ့နွယ်ဝင် သီလရှင် အပါး၁၅၀ ကြွရောက်တော်မူကြပြီး ကျုံ့ဂွါ တရုတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဒေစီလင်းနှင့် အဖွဲ့ဝင်များ အလှူရှင်များ တက်ရောက်ကြည်ညို ပူဇော်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်သူများက ဂန္ထဝါစက ပဏ္ဍိတ ဒေါ်ဝိမလဉာဏီထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ကျုံ့ဂွါ တရုတ်အမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဒေစီလင်း ဦးဆောင်၍ အလှူရှင်များက သီလရှင် ဆရာကြီး ဆရာလေးအပါး၁၅၀ တို့အား ငွေကျပ် ၆၃၀၀၀၀တန်ဖိုးရှိ သီလရှင်ဝတ်စုံ ၁၅၀ကိုလည်းကောင်း၊ ဆွမ်းပဒေသာပင် အလှူငွေ အဖြစ် ဦးဝင်းအောင်ကျော်နှင့် ဇနီး ဒေါ်ဒေစီလင်း မိသားစုက ငွေကျပ် ၁၂၀၀၀၀၊ သား ဦးသူရအောင်ကျော် ဇနီး-ဒေါက်တာဒေါ်ခင်နီလာအောင်တို့က ငွေကျပ် ၁၂၀၀၀၀ နှင့် ဒေါ်ရင်ရင် မိသားစုကငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ဆေးပဒေသာပင် အလှူရှင် ပေါင်းခုနစ်ဦးက ငွေကျပ် ၂၄၂၀၀၀ ကိုလည်းကောင်း၊ အလှူရှင် အသီးသီးက ဆက်ကပ် လှူဒါန်းရာ သာသနောဒယ(ပြည်) သီလရှင်စာသင်တိုက် ဦးစီးပဓာန နာယကမဟာ ဂန္ထဝါစက ပဏ္ဍိတ ဆရာကြီး ဒေါ်ပုညဝတီနှင့် သီလရှင် ဆရာကြီးများက လက်ခံကြသည်။ **(ဝဲပုံ)**

ရေစက်ချ

ထို့နောက် သီလရှင် ဆရာကြီး ဆရာလေးများက ပရိတ်တရားတော်များချီးမြှင့်၍ သီလရှင် ဆရာကြီး ဒေါ်ဥဂ္ဂသီက အနုမောဒနာတရား ချီးမြှင့်ပြီး စူဠဂန္ထ ဝါစက ပဏ္ဍိတ ဒေါ်မာလာသိင်္ဂီက ရေစက်ချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မန္တလေးမြို့ တောင်စလင်းကျောင်းတိုက်နေ နာယကဆရာတော် ဦးတိက္ခ(အဂ္ဂမဟာပဏ္ဍိတ) ဘဒ္ဒန္တနေမိန္ဒတို့က အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ(လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ဦးကျင်ထွန်း-ဒေါ်ရှု (ဗုဒ္ဓဂယာပြန်)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် ဦးသိန်းလွင်-ဒေါ်မိုးစံမိသားစု တိုက် (၈) အခန်း(၈) လှိုင်မြင့်မိုရ်အိမ်ရာ လှိုင်မြို့နယ်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်း မြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ ဗုဒ္ဓဂယာကျောင်း အကျိုးတော် ဆောင်ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ရှေ့မှောက်၌ တာဝန်ခံ ဒေါ်သန်းသန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အာဆီယံခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးများကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ခရီးသွားလုပ်ငန်း လူ့စွမ်းအား အထူးကော်မတီ အစည်းအဝေးနှင့် (၁၈)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှု လုပ်ငန်းအဖွဲ့ အစည်းအဝေးများကို ဩဂုတ် ၉ရက်မှ ၁၁ရက်အထိ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဖိလစ်ပိုင် သမ္မတနိုင်ငံ၊ စင်ကာပူ သမ္မတနိုင်ငံများရှိ ခရီးသွားလုပ်ငန်း ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် အာဆီယံ အတွင်းရေးမှူးရုံးမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၈ရက် ညနေပိုင်းတွင် လေကြောင်းဖြင့် မန္တလေးမြို့သို့ ရောက်ရှိလာကြရာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမှာစကားပြောကြား

ဩဂုတ် ၉ရက် နံနက် ၉နာရီတွင် ခရီးသွားလုပ်ငန်း လူ့စွမ်းအား အထူးကော်မတီ အစည်းအဝေးကို ဆီဒိုးနားဟိုတယ် အမရပူရ ခန်းမ၌ ကျင်းပရာ ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင် တက်ရောက် အမှာစကားပြောကြားသည်။

ကျင်းပမည်

အဆိုပါ အစည်းအဝေးကို ဩဂုတ် ၁၀ရက်အထိ ကျင်းပပြီး ဩဂုတ် ၁၁ရက်တွင် (၁၈)ကြိမ်မြောက် အာဆီယံ ခရီးသွားလုပ်ငန်း လူ့စွမ်းအား ဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခရီးသွားလုပ်ငန်းလူ့စွမ်းအားအထူးကော်မတီ စည်းဝေး

ခရီးသွားလုပ်ငန်းလူ့စွမ်းအား အထူးကော်မတီ အစည်းအဝေးကို မန္တလေးမြို့ ဆီဒိုးနားဟိုတယ် အမရပူရခန်းမတွင် ကျင်းပစဉ်။ (ဟိုတယ်/ခရီး)

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင်ကျင်းပသည့် The 1st ASEAN Consultative Meeting On Logistics Sector အစည်းအဝေးသို့ တက်ရောက်ရန် ပို့ဆောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်ကြွေနှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းမှ လုပ်ငန်းခွင်လေ့ကျင့်ရေးမှူး ဦးအောင်ခင်မြင့်တို့ကို ဩဂုတ် ၇ရက်က လေကြောင်းခရီးဖြင့် မထွက်ခွာမီ တွေ့ရစဉ်။ (က-ပ)

● *ကျောဖုံးမှ*

ထားပြီး ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ပေးနိုင်သော မျိုးဗီဇဖြစ်ကြောင်း သိရသည်။ ၎င်းကို ရေကြီးမှုအဖြစ်များ သောဒေသများရှိ လယ်သမားများသို့ ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

ဆန်စပါးထုတ်လုပ်မှုသည် လွန်ခဲ့သောအနှစ်၄၀ကျော်က လိုအပ်ချက်များ တိုး၍တိုး၍ များလာနေသဖြင့် သံသယဖြစ်လျက်ရှိသည်။ ဆန်ကို ကမ္ဘာပေါ်ရှိ လူပေါင်းသုံးဘီလီယံကျော်တို့က နေ့စဉ်အစားအစာအဖြစ် စားသုံးလျက်ရှိသည်။

အရှေ့တောင်အာရှရှိ မြေနိမ့်ပိုင်းဒေသများမှ စပါးခင်းမြောက်မြားစွာတို့သည် မုတ်သုံရာသီအတွင်း ရေကြီးခြင်းမှ စွန့်စားနေကြရသည်။ ရက်အနည်းငယ်ကြာ ရေကြီးနစ်မြုပ်သွားသော ကောက်ပင်များသည် အောက်စီဂျင်ဓာတ်မရသဖြင့် ညှိုးနွမ်းခြောက်သွေ့ကာ သေဆုံးသွားသည်။

ရေစိမ်ခံ အဆိုပါဆန်စပါးမျိုးစိတ်အသစ်ကို သိပ္ပံပညာရှင်များက ရာစုနှစ် နှစ်ဝက်အကြာ ကြိုးပမ်းရှာဖွေစမ်းသပ်ခြင်းဖြင့် ထုတ်လုပ်နိုင်ခဲ့ကြောင်း နိုင်ငံတကာ ဆန်စပါးသုတေသနအဖွဲ့မှ ဒေါက်တာဒေးဗစ်မတ်ကေးနှင့် စာတမ်းရှင်တစ်ဦးက ပြောကြားသည်။ **(အင်တာနက်)**

ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီး(အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) ကုမုဒြာခန်းမဲ့ကျောင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးနေမျိုး၊ (အဆင့်မြင့်ပညာအဆင့်) ပြိုင်ပွဲကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဒဂုံတက္ကသိုလ် ပါမောက္ခချုပ် ဦးကျော်မြင့်ဦး၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ပါမောက္ခ၊ဌာနမှူးများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်း(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး(အဆင့်မြင့်ပညာအဆင့်)ပြိုင်ပွဲကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဦးကျော်မြင့်ဦးက မင်္ဂလာအဖွင့် အမှာစကားပြောကြားပြီး အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

လက်စွမ်းပြ တီးခတ်

ထို့နောက် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဇေယျတုသဗ္ဗမင်္ဂလံ၊ ခွန်းဆင့်ပဏ္ဏာတေးလင်္ကာ၊ မေတ္တာဂုဏ်၊ ချမ်းမြေ့ပါစေသီချင်းများသီဆို၍လည်းကောင်း၊ စောင်းလက်စွမ်းပြတီးခတ်၍လည်းကောင်း၊ သူငယ်တော်(ရုပ်သေး)အကနှင့် နှစ်ပါးသွားအကများဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုဆု

ထို့နောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက ဖျော်ဖြေတင်ဆက်ကြသော အနုပညာရှင်များအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်ပြီး **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရန်၊
၂။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်၊
၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်၊
၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်၊
၅။ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရန်၊
၆။ တိုင်းတစ်ပါး ယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်၊
၇။ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ပိုမိုရှင်သန် ခိုင်မာစေရန်။

၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲဝင်များလေ့လာရန် သတ်မှတ်သော သီချင်းများ

ယမန်နေ့ကအဆက်

စောင်းအတီးပြိုင်ပွဲ

၁။ **ပညာရှင်**

(က) ထောင်ရောင်နေကသာ	(သီချင်းခံ)
(ခ) ပန်းမြိုင်လယ်	(ယိုးဒယား)
(ဂ) တောတောင်စွယ်	(ယိုးဒယား)
(ဃ) နှင်းယွန်းဂိမှာန်	(မွန်)
(င) အောင်မြေသာစံ	(ပတ်ပျိုး)
(စ) သာဆန်းရဂုံဗွေ	(ပတ်ပျိုး)
(ဆ) ဖြေနိုင်ပေါင်	(ပတ်ပျိုး)
(ဇ) သပြေပင်ဝန်း	(ကြိုး)

၂။ **ဝါသနာရှင်အဆင့်**

(က) မဲဇာတောင်ခြေ	(ပတ်ပျိုး)
(ခ) ဟေမဝန်ချာ	(ဘွဲ့)
(ဂ) တောမြိုင်ခြေလမ်း	(ယိုးဒယား)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) ဂန္ဓမာရိပ်သာ	(ပတ်ပျိုး)
(ခ) ဝေဇယန်နှင့်နှုန်းပြေး	(ကြိုး)
(ဂ) ဟေဝန်မြိုင်လမ်း	(ယိုးဒယား)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**

(က) နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ခ) မြရည်နန္ဒာ	(ဘွဲ့)
(ဂ) စောင်းတော်သိင်္ဂါ	(ကြိုး)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**

(က) အတိုင်းမသိမင်္ဂလာ	(ဘွဲ့)
(ခ) နန်းဘုံသီတာဗွေ	(ယိုးဒယား)
(ဂ) သီလာမြေယံ	(ကြိုး)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**

(က) သာယာ	(ကြိုး)
(ခ) စံရာတောင်ကျွန်း	(ကြိုး)
(ဂ) တံတျာတေရှင်	(ကြိုး)

စန္ဒရားအတီးပြိုင်ပွဲ

၁။ **ပညာရှင်**

(က) တောမြိုင်ခြေလမ်း	(ယိုးဒယား)
(ခ) ဇာတိအာဏာ	(ယိုးဒယား)
(ဂ) ရဝိန်ဒေါင်းယာဉ်ပျံ	(ပတ်ပျိုး)
(ဃ) စိန်ကြယ်ညီးလင်း	(မွန်)
(င) ဆဒ္ဒန်အိုင်သာ	(သီချင်းခံ)
(စ) ကောင်းချီးသင်္ဂါ	(မွန်)
(ဆ) သာတင့်ဆုံး	(ယိုးဒယား)
(ဇ) သာဆန်းရဂုန်ဗွေ	(ပတ်ပျိုး)

၂။ **ဝါသနာရှင်အဆင့်**

(က) မြိုင်ဂန္ဓမာ	(ယိုးဒယား)
(ခ) နှစ်ကိုယ်သစ္စာ	(ပတ်ပျိုး)
(ဂ) မိဘမေတ္တာ	(ကာလပေါ်)

၃။ **အဆင့်မြင့်ပညာအဆင့်**

(က) မြတို့ငယ်စိမ်းနု	(ဘွဲ့)
(ခ) မဲဇာတောင်ခြေ	(ပတ်ပျိုး)
(ဂ) မိန်ရာသီ	(ကိုအံ့ကြီး)

၄။ **အခြေခံပညာ(၁၅-၂၀)အဆင့်**

(က) ဆန်းနွေဦး	(ယိုးဒယား)
(ခ) ထွန်းလင်းလျှံလက်	(ပတ်ပျိုး)
(ဂ) မြန်မာ့ဂုဏ်ရည်	(ကာလပေါ်)

၅။ **အခြေခံပညာ(၁၀-၁၅)အဆင့်**

(က) သည်ဆောင်းဟေမာန်	(ဘွဲ့)
(ခ) ဂန္ဓာလေတောခြေ	(ယိုးဒယား)
(ဂ) ချစ်စရာပန်း	(တင်တင်မြ)

၆။ **အခြေခံပညာ(၅-၁၀)အဆင့်**

(က) သာသာယာယာ	(ကြိုး)
(ခ) ဝေဘာဂီရိ	(ကြိုး)
(ဂ) မေတ္တာရွှေရည်	(တင်တင်အောင်)

(ဆက်လက်ဖော်ပြပါမည်)

မြန်မာ့ရုပ်မြင်သံကြား

၁၁-၈-၂၀၀၆ ရက် (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓေအဂ္ဂ မဟာသဒ္ဓမ္မ ဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၈:၂၀ ၇။ အကပြိုင်ပွဲ
- ၈:၂၅ ၈။ ချောင်းမငယ် ရေလျှောင်တမံ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၀ ၄။ အရေးပြိုင်ပွဲ
- ၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
- ၁၇:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၁၅ ၇။ မြန်မာစာ မြန်မာစကား
- ၁၇:၂၅ ၈။ **"ရောင်ပြန်ဟပ်ခြင်း"** မင်းအုပ်စိုး၊ ကုသိုလ် (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
- ၁၇:၃၀ ၉။ နှောင်းခေတ်တေးပဒေသာ
- ၁၇:၄၅ ၁၀။ လက်ဆင့်ကမ်းအမွေ
- ၁၇:၅၀ ၁၁။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ)(ဝါသနာရှင်အဆင့်) (အမျိုးသား/အမျိုးသမီး)
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်လိပ်ပြာလေး တဝဲလည်လည်"** (အပိုင်း-၁၄)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာသံစဉ်"** (အပိုင်း-၁၀)

ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်ရောက် ငါန်းဇွန်မြို့နယ်သူ မြို့နယ်သား မိသားစုများက ငါန်းဇွန်မြို့နယ်ဖွား ဆရာတော်များအား ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိစာသင်တိုက်၌ ဝါခေါင်လပြည့်ကျော် ၁၂ ရက် (၂၀-၈-၂၀၀၆) တနင်္ဂနွေနေ့ ညနေ ၃ နာရီတွင် လှူဒါန်းဆက်ကပ်မည်ဖြစ်ရာ ငါန်းဇွန်မြို့နယ်သူ မြို့နယ်သားများအား တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

✡ ရှေ့ဖုံးမှ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း စက်မှုလယ်ယာ လက်တွန်းထွန်စက်အရောင်းဆိုင်ကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဘဒ္ဒန္တ ဇာဂရာဘိဝံသ၏ ဝိဇာတပူဇာသဘင်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၀

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဒွိပိဋက ဓရ ဒွိပိဋက ကောဝိဒ အဂ္ဂမဟာပဏ္ဍိတ လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ကလေးဝ တောရ လယ်တီဘဒ္ဒန္တဇာဂရာဘိဝံသ၏ ဝိဇာတပူဇာ မွေးနေ့မင်္ဂလာပွဲကို ၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၇ ရက် (အင်္ဂါနေ့) ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဝိဇာတတွင် လယ်တီဝိပဿနာစာအုပ်များ၊ ကျောင်းတိုက်သံဃာ ၁၅၀၀ တို့အား ဝါဆိုသင်္ကန်းများ၊ သီလရှင် ၂၀၀ ကျော်တို့အား ဝတ်စုံများလှူဒါန်းပွဲများနှင့် ငွေပဒေသာပင်များ ရေစက်ချပွဲများကျင်းပပြီးလျှင် ပင့်သံဃာများနှင့် ကျောင်းတိုက်သံဃာ ၁၅၀၀ တို့အား နေ့ဆွမ်းဆက်ကပ်မည်ဖြစ်ရာ ကြွရောက်ကြည်ညိုနိုင်ရန် နာဂလိုဏ်ဂူဝေယျာဝစ္စအဖွဲ့ ဖုန်း–၀၁–၆၅၁၀၆၄ က ဖိတ်ကြားထားကြောင်းနှင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ပြည့်မီအောင်စိုက်ပျိုး

ရောဝတီတိုင်းအနေဖြင့် ၂၀၀၆–၂၀၀၇ ယခုနှစ်တွင် မိုးစပါးဧက ၃၇ သိန်း၊ နွေစပါးဧက ၁၆ သိန်း၊ ပဲမျိုးစုံဧက ၁၆ သိန်း၊ ဆီထွက်သီးနှံဧက ငါးသိန်းနီးပါးရရှိအောင် နိုင်ငံတော်က တာဝန်ပေးအပ်ထားရာတွင် ယနေ့ မိုးစပါး ရေတော်မိုးတော် ကွင်းပိတ်နိုင်ခဲ့ပြီဖြစ်သကဲ့သို့ ကျန်သည့် မိုးစပါး ဧရိယာနှင့် ပဲမျိုးစုံ၊ ဆီထွက်သီးနှံ ဧရိယာများကိုလည်း ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်သွားရမည်ဖြစ်ကြောင်း။

ရောဝတီတိုင်းအနေဖြင့် မိုးစပါးကို ၂၀၀၄–၂၀၀၅ ခုနှစ်တွင် ဧက ၃၅ သိန်း၊ ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ဧက ၃၆ သိန်းအထိ၊ တစ်နှစ်ပြီး တစ်နှစ် တိုးချဲ့စိုက်ပျိုးလာနိုင်ခဲ့ပြီး ယခုနှစ် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် ဧက ၃၇ သိန်းအထိ တိုးတက်စိုက်ပျိုးရန် လျာထားခဲ့သည့်အနက် ယနေ့ ဧက ၃၄ သိန်းကျော်ကို စိုက်ပျိုးပြီး ယခုကဲ့သို့ ရေတော်မိုးတော်စပါးကို ထွန်တုံးပိတ်နိုင်သည့်အတွက် ရောဝတီတိုင်းအတွက် ဂုဏ်ယူရမည့်နေ့ဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

ကြိုးပမ်းဆောင်ရွက်

ရောဝတီတိုင်းအတွင်း ပြည်တွင်းပြည်ပဈေးကွက်ရှိပြီး ဈေးကောင်းရနေသည့် ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန် စည်းရုံးပညာပေးခြင်း၊ ပံ့ပိုးကူညီမှုပေးခြင်းတို့ကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရော်ဘာ တိုးချဲ့စိုက်ပျိုးရေးအတွက် လျာထားချက်များပြည့်မီစေရန် အစီအမံများ စနစ်တကျချမှတ် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

လူသားများ၏ အာဟာရ(Food For Man)ဖြစ်သည့် စားသုံးသီးပင်များသာမက စက်များအတွက် ဇီဝလောင်စာဆီ (Food For Machine) အဖြစ် ခြစ်စည်းရိုးကြက်ဆူပင်ကို နိုင်ငံတော်၏ ဒေသအနှံ့ စိုက်ပျိုးလျက်ရှိကြသကဲ့သို့ ရောဝတီတိုင်းအနေဖြင့်လည်း တစ်နိုင်တစ်ပိုင်မှ သည် တစ်အုပ်တစ်မအထိ ရည်မှန်းချက်အတိုင်း အောင်မြင်မှုရရှိအောင် စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း။

လက်တွေ့လုပ်ကိုင်

ရောဝတီတိုင်းသည် နိုင်ငံတော်၏ စပါးကျီဖြစ်သည်နှင့်အညီ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးအတွက် အစီအမံများ၊ လယ်ယာမြေဖော်ထုတ်ရေးအစီအမံများကို စီမံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ စပါးကျီအဖြစ် ရေရှည်တည်တံ့အောင် ဆက်လက်ထိန်းသိမ်းသွားကြပါ၊ နိုင်ငံတော်က ချမှတ်ပေးထားသည့် သီးနှံအလိုက် အထွက်နှုန်းတိုးရေး၊ ပန်းတိုင်ရည်မှန်းချက်များ အောင်မြင်ရေးအတွက် စနစ်တကျစီမံကိန်းချမှတ်ပြီး အကောင်အထည်ဖော်ကြရေး၊ စိုက်ပျိုးရေးတွင် လက်တွေ့လုပ်ကိုင်ဆောင်ရွက်နေကြသည့် တောင်သူလယ်သမားများနှင့် ပြည်သူများအား ဌာနဆိုင်ရာ ဝန်ထမ်းများက နည်းပညာများ၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပညာပေးစည်းရုံးဆောင်ရွက်ကြပြီး စိုက်ပျိုးရေးလုပ်ငန်းများ၊ ကုန်ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်း၊ ပံ့ပိုးဆောင်ရွက်ပေးကြရေး၊ တောင်သူလယ်သမားများကလည်း တိုးတက်ပြောင်းလဲနေသည့် စိုက်ပျိုးရေးနည်းပညာများကို လေ့လာမှတ်သားပြီး ယုံကြည်စွာနှင့် လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကြရေး၊ စိုက်ပျိုးရန်ကျန်သည့် သီးနှံများကိုလည်း လျာထားချက်များ ပြည့်မီကျော်လွန်အောင် ကြိုးစား စိုက်ပျိုးထုတ်လုပ်ကြရေး၊ စိုက်ပျိုးပြီးဖြစ်သည့် သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေးကို မိုးလေဝသ ရာသီဥတုနှင့်အညီ မျက်ခြည်မပြတ် ဂရုစိုက်ဆောင်ရွက်ကြပါဟု ပြောကြားသွားသည်။

ထို့နောက်ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က အမှာစကားပြောကြားရာ၌ ယနေ့သည် ရောဝတီတိုင်း၏ ၂၀၀၆–၂၀၀၇ ခုနှစ် ရေတော်မိုးတော် မိုးစပါးစိုက်ဧက ၂၆ ဒသမ ၇၀ သိန်းအပါအဝင် မိုးစပါး စုစုပေါင်းဧက ၃၄ သိန်းကျော် စိုက်ပြီးသည့်နေ့ဖြစ်ကြောင်း၊ မိုးစပါး လျာထားချက် ဧက ၃၆ သိန်းအပေါ်၌ ၉၁ ဒသမ ၉၁ ရာနှုန်း စိုက်ပျိုးပြီးဖြစ်၍ ရေတော်မိုးတော် ဧရိယာအားလုံး ထွန်တုံးပိတ်သည့် အခမ်းအနားအနေဖြင့် ဤနေရာတွင် ထွန်တုံးပိတ်ပွဲကျင်းပရခြင်းဖြစ်ကြောင်း။

အထူးအရေးပါ

ဧရာဝတီတိုင်းအတွင်း စိုက်ပျိုးနေသည့် သီးနှံပုံစံများသည် မိုးစပါးအပေါ် အခြေခံသည့်အတွက် မိုးစပါးစိုက်ချိန်စောသည်နှင့်အညီ ရိတ်ချိန်စောပြီး ဒုတိယသီးနှံ၊ တတိယသီးနှံများကို မြေတွင်း အစိုဓာတ်နှင့် ရေရရှိမှုအခြေအနေအပေါ် မူတည်ပြီး သင့်တော်သည့် သီးနှံပုံစံများကို အောင်မြင်စွာ ချိန်ကိုက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုကဲ့သို့ မိုးစပါးစိုက်ချိန်စောခြင်းအားဖြင့် မုတ်သုံမိုးဆုတ်ခွာချိန် ပုံမှန်ထက် စောသွားပြန်ရင်လည်း အောင်ရေအခက်အခဲမှ ကျော်လွှားနိုင်မည်ဖြစ်၍ မိုးစပါး အချိန်စောစွာ စိုက်ပျိုးလုပ်ကိုင်နိုင်မှုသည် အထူးအရေးပါလှကြောင်း။

ဧရာဝတီတိုင်း၏ မိုးစပါးအပေါ် အခြေခံသည့် သီးနှံစိုက် စွမ်းအားကို ကြည့်လျှင် ၂၀၀၅–၂၀၀၆ ယခင်နှစ်က ၁၇၆ ဒသမ ၆၇ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ယခုနှစ် ၂၀၀၆–၂၀၀၇ ခုနှစ်တွင် သီးနှံစိုက်စွမ်းအားကို ၁၈၄ ဒသမ ၈၂ ရာခိုင်နှုန်းအထိ ရရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသောကြောင့် အချိန်စောစွာ စိုက်ပျိုးထားသည့် မိုးစပါးဧရိယာများ အပါအဝင် ရေမြေအခြေအနေပေးသည့်နေရာတိုင်းတွင် သီးထပ်၊ သီးညှပ်စနစ်၊ ကန်သင်းပေါင်၊ တာပေါင် သီးနှံစိုက်ပျိုးခြင်းစနစ်များကို အချိန်နှင့်တစ်ပြေးညီ အစွမ်းကုန်ကြိုးပမ်း အကောင်အထည်ဖော်သွားရမည် ဖြစ်ကြောင်း။

လက်တွေ့ပညာပေး

နိုင်ငံတော်အနေဖြင့် အချိန်ကာလအလိုက် ပြောင်းလဲနေသည့် ခေတ်မီစိုက်ပျိုးနည်းပညာများကို တောင်သူလယ်သမားကြီးများ လက်တွေ့အသုံးချဆောင်ရွက်နိုင်စေရန် လက်တွေ့သရုပ်ပြရှင်းလင်းခြင်း၊ ပညာပေးသင်တန်းများ ပြုလုပ်ပေးခြင်း နည်းလမ်းပေါင်းစုံနှင့် ပံ့ပိုး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ဒေသနှင့်သင့်တော်သည့် သီးနှံမျိုးသစ်များ ဖြန့်ဖြူးစိုက်ပျိုးစေခြင်း၊ စပါးခေါင်နှံ ရွေးချယ်မျိုးပွားခြင်း၊ လုပ်ကွက်ကျဉ်းပြီး အထူးဂရုစိုက်ဆောင်ရွက်နိုင်သည့် လယ်သမားများအတွက် စပါးအထွက်နှုန်း သိသာစွာ မြင့်မားစေသည့် ပျိုးသက်နုကောက်ကွက် ကြဲစနစ်၊ မြေဩဇာများ အချိန်အခါနှင့် နှုန်းထားအလိုက် ထည့်သွင်းအသုံးပြုရမည့်စနစ်၊ မြေဆီလွှာပြုပြင်ရေးဆိုင်ရာ နည်းစနစ်၊ ပေါင်းမြက်အပင် ရောဂါနှင့် ပိုးမွှားများ ကြိုတင်ကာကွယ်ရေးဆိုင်ရာ နည်းစနစ်၊ သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစနစ်၊ သီးနှံပုံစံနှင့် သီးနှံအလိုက် စိုက်ပျိုးနည်းစနစ်စသည့် စမ်းသပ်ကွက်၊ စံပြကွက်များကို သက်ဆိုင်ရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဝန်ထမ်းများက ခရိုင်၊ မြို့နယ်ဒေသ အသီးသီး၌ လက်တွေ့ပညာပေးပြသပေးလျက်ရှိကြောင်း။

ယခုကဲ့သို့ ဧရာဝတီတိုင်း၏ မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲပြီးသော်လည်း ကျန်သော ဧရိယာများကိုလည်း အပြည့်အဝစိုက်ပျိုးရမည့်လုပ်ငန်းများ၊ စိုက်ထားသည့် စပါးခင်းများကို အချိန်အခါနှင့် သက်တမ်းအလိုက် ပြုစုစောင့်ရှောက်ရမည့် လုပ်ငန်းများနှင့် အောင်ရေ စနစ်တကျထိန်းသိမ်းရေး၊ အလေအလွင့်နည်းအောင် ရိတ်သိမ်း ခြွေလှေ့ရေး၊ ရာသီချိန်မီ စပါးသီးထပ်အပါအဝင် ဆောင်းသီးနှံများ ကွက်လပ်မကျန် စိုက်ပျိုးရေးတို့ကို ဆက်လက် လုပ်ဆောင်ရမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားကြရန် တိုက်တွန်းလိုကြောင်း။

ဆက်လက်အကောင်အထည်ဖော်

လယ်ယာသုံး စက်ကိရိယာများ မောင်းနှင်အသုံးချရေးနှင့် ကျေးရွာမီးရရှိရေးကို များစွာအထောက်အကူပြုစေသည့် ဇီဝဒီဇယ်ဆီ ထုတ်လုပ်ပေးနိုင်သော ခြစ်စည်းရိုးကြက်ဆူပင်ကို ၂၀၀၆–၂၀၀၇ ယခုနှစ်ကစပြီး တစ်နိုင်တစ်ပိုင်မှသည် တစ်အုပ်တစ်မအထိ သီးနှံများစိုက်ပျိုးခြင်းမရှိသည့် မြေလွတ်မြေလပ်များ၊ လမ်းပခုံးများ၊ အိမ်ခြံဝင်းများတွင် စတင်စိုက်ပျိုးနေကြပြီဖြစ်၍ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်အကောင်အထည်ဖော်သွားကြရန် အထူးတိုက်တွန်းလိုကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဧရာဝတီတိုင်း၏ လယ်ယာကဏ္ဍ အဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် ရေသွင်း ရေသောက် ဧရိယာများပေါ်ထွက်ပြီး သီးနှံစိုက်စွမ်းအား မြင့်မားလာရေးအတွက် နန်ကသူ၊ ကွန်ချောင်း(၂) ရေလှောင်တမံများ တည်ဆောက်ပြီးဖြစ်သကဲ့သို့ မမြ၊ ကညင်ရေလှောင်တမံများကို တည်ဆောက်လျက်ရှိကြောင်း၊ ကန်ဇွန်းခုံ၊ ငပိဆိပ်၊ မြို့ကွင်း၊ ဗန်းမော်သုံးခွ၊ ကျုံစုတ်နှင့် ကညင်ကောက် မြစ်ရေတင် စီမံကိန်းများကိုလည်း တည်ဆောက်လျက်ရှိကြောင်း၊ ထိုရေလှောင်တမံများ၊ မြစ်ရေတင်စီမံကိန်းများ၏ ရေသောက် ရေသွင်းဧရိယာများတွင် နှစ်သီးစိုက်၊ သုံးသီးစိုက် ဧရိယာများ တိုးတက်လာပြီး ဒေသခံများက သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်လာနိုင်တော့မည်ဖြစ်ကြောင်း။

ပိုမိုတွင်ကျယ်လာ

လမ်းပန်းဆက်သွယ်မှု လျင်မြန်ချောမွေ့ရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်သွက်လက်ရေးအတွက် လမ်းများ၊ တံတားများကို နိုင်ငံတော်အနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိရာတွင် ဧရာဝတီတိုင်းအတွင်း ဖျာပုံတံတား၊ မြို့ကွင်းတံတား၊ ကျွန်းကုန်းတံတားများကို တည်ဆောက်ဆဲဖြစ်ခြင်းကြောင့် ပြီးစီးသွားသည့်အခါ လယ်ယာထွက်ကုန်များ အပါအဝင် ကုန်ပစ္စည်းများ ဈေးကွက်သို့ပို့ဆောင်ရာတွင် ပိုမိုတွင်ကျယ်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း မြေစာရင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်တင်မြင့်က တိုင်းအတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အစီရင်ခံစာများအပ်နှံ

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်ထံသို့ ပုသိမ်ခရိုင်၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့မှ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ခရိုင်အလိုက် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ခြင်း အစီရင်ခံစာများကို အပ်နှံကြသည်။

ထို့နောက် ဧရာဝတီတိုင်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးမျိုးဝေက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ကောက်စိုက်စွမ်းရည်ပြိုင်

ယင်းနောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲတွင် ပါဝင် ယှဉ်ပြိုင်မည့် ခရိုင်ကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းများမှ ကောက်စိုက်လုံမေများသည် သတ်မှတ်ပြိုင်ကွင်းအတွင်း နေရာယူကြပြီး ဒိုင်ချုပ်က ပြိုင်ပွဲစတင်ကြောင်း အချက်ပေးလိုက်သည်နှင့် ပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကောက်စိုက်စွမ်းရည်ပြပွဲကို ကြည့်ရှုအားပေးပြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာ အုပ်စု မြို့ဝင်ဧက ၄၀၀ စံပြကွက်အတွင်း၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဆောင်ရွက်ထားရှိသည့် စံပြကွက်နှင့် စမ်းသပ်ကွက်တို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကိုမှာကြားသည်။

ငါးမျိုးများထည့်သွင်းမွေးမြူ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် ငါးမျိုးများ ထည့်သွင်းမွေးမြူပေးကြပြီး ငါးမျိုးများကို ပေးအပ်ကြရာ ဒေသခံတောင်သူများကိုယ်စား ဦးစောလှရှိန်နှင့် ဦးဝင်းလှိုင်တို့က လက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြခန်းများ၊ စက်မှုလယ်ယာလက်တွန်းထွန်စက်အရောင်းဆိုင်နှင့် ဓာတ်မြေဩဇာအရောင်းဆိုင်တို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

တက်ရောက်အားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စက်မှုလယ်ယာဦးစီးဌာနက ကန်ကြီးထောင့်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ရောရှွေဝါကုမ္ပဏီတို့သို့ လယ်ယာ–၁၆ လက်တွန်းထွန်စက် လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် တိုင်းမှူးတို့သည် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ၌ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ထွန်တုံးပိတ်ပွဲတွင် ပါဝင်လုပ်အားပေးကြသည့် ဒေသခံကောက်စိုက်လုံမေများအား တိုင်းစိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဆန်းက ဂုဏ်ပြုဆုချီးမြှင့်ပြီး ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း ဒုတိယအင်ဂျင်နီယာချုပ် ဦးတင်မောင်လှနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဒေါက်တာမင်းအောင်တို့က နှစ်သိမ့်ဆုရ အသင်းနှစ်သင်းတို့အား ဆုများချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က တတိယဆုရ ပုသိမ်ခရိုင်အသင်းနှင့် ဒုတိယဆုရ ဖျာပုံခရိုင်အသင်းတို့အား ဆုများ ချီးမြှင့်သည်။

ပထမဆုချီးမြှင့်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ပထမဆုရ မြောင်းမြခရိုင်အသင်းအား ဆုချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြိုင်ပွဲကောက်စိုက်လုံမေများအား သက်ဆိုင်ရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကြသည်။

(သတင်းစဉ်)

တိုက် ၂ အခန်း၆ ဆောင်းဟေမန်တိုက်ခန်း ၃၀ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ဦးမြင့်ဌေး–ဒေါ်အေးအေးမွန်၊ ညီ ကျော်ဇင်ထွန်း၊ သား ထင်အောင်ဇော်၊ သမီး စုသက်ခိုင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေး၊ ငွေပဒေသာပင် ကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင် စာရင်းစစ် ဦးဝင်းထိန် လက်ခံစဉ်။ (က–ပ)

မန္တလေးတိုင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ မြို့တွင်း လမ်းဘေး ဝဲယာ ရေမြောင်းများမှ အမှိုက်များဆယ်ယူရှင်းလင်း

ရန်ကုန် ဩဂုတ် ၁၀

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဩဂုတ် ၅ ရက် နံနက် ၇ နာရီခွဲက အောင်မြေသာစံမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်ရှိ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)ဝင်းအတွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့်ဇနီး ဒေါ်ခင်ပြုံးဝင်းတို့ တက်ရောက်ပြီး သစ်ပင်များ စိုက်ပျိုးပေးသည်။ (ယာပုံ)

ကြည့်ရှုအားပေး

ရှေးဦးစွာ တိုင်းမှူးနှင့် အဖွဲ့သည် သတ်မှတ်နေရာတွင် သစ်ပင်များစိုက်ပျိုးပေးပြီးနောက်တက်ရောက်လာကြသူများက တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဝင်းအတွင်း၌ ခရေပင်၊ ကံ့ကော်ပင်၊ မန်ကျည်းပင်၊ တမာပင်၊ ကုက္ကိုပင်၊ မယ်ဇယ်ပင်၊ အော်ရီရှားပင်နှင့် ပိတောက်ပင် စုစုပေါင်း ၁၈၀၀ တို့ကို တပျော်တပါး စုပေါင်းစိုက်ပျိုးပေးကြရာ တိုင်းမှူးက လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် သရုပ်ပြပရဆေးဥယျာဉ်အတွင်း ပရဆေးပင်များ စိုက်ပျိုးထားရှိမှုနှင့် သင်ကြားရေး လက်တွေ့ဆောင်၌ ရောဂါခြောက်မျိုးဖြစ်သော တီဘီရောဂါ၊ ဆီးချိုရောဂါ၊ ဝမ်းကိုက်ရောဂါ၊ သွေးတိုးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောနှင့် ငှက်ဖျားရောဂါများအတွက် အသုံးပြုနိုင်သော ဆေးဖက်ဝင်အပင်များကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့သည် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ရုံးခန်းမသို့ရောက်ရှိရာ တိုင်းမှူးအား တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ဒေါက်တာလွင်ကိုက တိုင်းရင်းဆေးတက္ကသိုလ်နှင့်စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် တိုင်းမှူးက တိုင်းရင်းဆေးပညာရပ်များကို ကျောင်းသားကျောင်းသူများအား သင်ကြားပေးနေသကဲ့သို့ ပျောက်ကွယ်နေသော မိရိုးဖလာ တိုင်းရင်းဆေးနည်းပညာများကိုလည်း လေ့လာဖော်ထုတ်ရေး၊ ပြည်ပဆေးဝါးများအစားထိုးထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်း ဆောင်ရွက်ကြရန်နှင့် ကျန်းမာကြံ့ခိုင်ပြီး နိုင်ငံတော်အတွက် လုပ်အားအပြည့်အဝပေးနိုင်သည့် နိုင်ငံသားများဖြစ်အောင် ကျန်းမာရေး အထောက်အကူပြုသည့် တိုင်းရင်းဆေးသမားကောင်းများအဖြစ် ပြုစုပျိုးထောင်လေ့ကျင့်ပေးသွားရန် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဆရာ ဆရာမများကို မှာကြားသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၂၇ လမ်းနှင့် ၂၈ လမ်းကြား၊ ၆၆ လမ်း တစ်လျှောက် ရေမြောင်းများ ဆယ်ယူမှုကိုလည်းကောင်း၊ ၆၆ လမ်းနှင့် ၆၇ လမ်းကြား၊ လမ်း ၃၀ တစ်လျှောက်တွင် ရေမြောင်းများမှ အမှိုက်များ ဆယ်ယူနေမှု၊ ချုံနွယ်များရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယာဉ်စည်းကမ်း

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့သည် ချမ်းအေးသာစံမြို့နယ် ၃၅ လမ်းနှင့် ၈၄ လမ်းဆုံ၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ တံခွန်တိုင်လမ်းဆုံနှင့် အောင်မြေသာစံမြို့နယ်ရှိ လမ်း၈၀နှင့် ၁၂ လမ်းဆုံတို့တွင် ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များမှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းမှုများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေး၍ ယာဉ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဖောက်ဖျက်မှုများအား ပညာပေးအရေးယူဆောင်ရွက်ရန် မှာကြားပြီး ပြန်လည် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု ပြည်သူနှင့်ပူးပေါင်း အသင်းကြီး၏လက်တွေ့ကျသောအကျိုးပြုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဩဂုတ် ၅ ရက်ညက မကွေးတိုင်း ပခုက္ကူမြို့ ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်၊ အမှုဆောင်များ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် ခရိုင်အမှုဆောင် ဦးကျော်တင့်နှင့် မြို့နယ်အမှုဆောင်ဦးရဲထွန်းလှတို့က အသင်း၏ လူမှုရေးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အသင်းဝင်များအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အမျိုးသားရေး အင်အားစုကြီးဖြစ်သော အသင်းကြီး၏ ချမှတ်ထားသောလုပ်ငန်းစဉ်များကို လက်တွေ့ကျသော အကျိုးပြုလုပ်ငန်းများဖြင့် ဆက်စပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဖြည့်ဆည်းကူညီပံ့ပိုး

ဆက်လက်၍ အမှုဆောင်များ၊ အသင်းဝင်များက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးကိစ္စရပ်များကိုတင်ပြကြရာ အထွေထွေအတွင်းရေးမှူးက လိုအပ်ချက်များ ဖြည့်ဆည်းကူညီပံ့ပိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကို ချင်းပြည်နယ်အတွင်း ပညာရေးနှင့်သာသနာရေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရအောင်ကိုသည် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးတင်လှနှင့်အတူ ဇူလိုင် ၂၉ ရက် နံနက်ပိုင်းက တွန်းဇံမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းစုဝေးကွင်း၌ တွန်းဇံမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံ ၅၉ စုံကို ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်မင်းထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တွန်းဇံမြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တနန္ဒပါလအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တီးတိန်မြို့သို့ ရောက်ရှိပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းစုဝေးကွင်း၌ ကျင်းပသော တီးတိန်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံ ၇၇ စုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးမောင်လောဟာက လက်ခံရယူသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တီးတိန်မြို့နယ် ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝဏ္ဏသီရိအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

စုပေါင်းသန့်ရှင်း

ဗဟိုအလုပ် အမှုဆောင်သည် ဇူလိုင် ၃၀ ရက် နံနက်ပိုင်းတွင် ဖလမ်းမြို့ ခရိုင်အထူးကုဆေးရုံကြီးသို့ ရောက်ရှိပြီး ဝဿန်ဦး လှုပ်ရှားမှုအဖြစ် ကျောင်းသားများ၏ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲကို ကြည့်ရှုအားပေးပြီး ဆေးရုံအတွင်း တက်ရောက်ကုသနေကြသော လူနာများအား ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှုအားပေးစကားပြောကြားကာ လူနာများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဖလမ်းမြို့ အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာအလင်းရောင်ခန်းမ၌ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ ဗဟိုအလုပ် အမှုဆောင်နှင့် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က စာသင်ခုံ ၂၅ စုံကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးတီလ်သောန်က လက်ခံသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဖလမ်းမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်း၌ ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသအား ဖူးမြော်ကြည်ညို၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စိုက်ပျိုးထားရှိသော ဧက ၂၀၀ အစေ့ချ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ထန်တလန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းခန်းမ၌ မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့က စာသင်ခုံ ၁၃၇ စုံအား ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးထန်ဟဲက လက်ခံသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ထန်တလန်မြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တပညာသာရနှင့် ဘဒ္ဒန္တဉာဏဝံသတို့အား ဖူးမြော်ကြည်ညိုကာ ဝါဆိုသင်္ကန်းများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ် အမှုဆောင်သည် ဇူလိုင် ၃၁ ရက်တွင် ဟားခါးမြို့ရှိ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် ဒင်လိုကျေးရွာလူထု ပူးပေါင်းတည်ဆောက်ထားသော ဒင်လို-လီချားကြား လုံထားဗားချောင်းကူးတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး ချောင်းကူးတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် ဟားခါးမြို့ ခွါရုံထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ ရောက်ရှိပြီး ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဏဝ(ဓမ္မာစရိယ၊ဘီအေ)အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဒုတိယဝန်ကြီးသည် ဩဂုတ် ၂ ရက်တွင် မင်းတပ်မြို့နယ် တွိဒိန်ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်းသို့ရောက်ရှိပြီး ဆရာတော် ဘဒ္ဒန္တခေမိန္ဒနှင့် ရောင်လောင်ကျေးရွာ ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တဥတ္တမသာရတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

မတူပီမြို့

ဗဟိုအလုပ် အမှုဆောင်သည် ဩဂုတ် ၃ ရက်တွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဆန်းအောင်နှင့်အတူ မတူပီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသော မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံ ၂၆ စုံကို ပေးအပ်လှူဒါန်းရာ မတူပီမြို့နယ် ပညာရေးမှူး ဦးဗန်ကမ်းက လက်ခံသည်။ ထို့နောက် မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေး၊ အဝတ်အထည်များနှင့် အားကစားဝန်ကြီးဌာနမှ လှူဒါန်းသောအားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်သည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မတူပီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိပြီး ဆရာတော်သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တရာဇိန္ဒအား ဖူးမြော်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ် အမှုဆောင်သည် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် မတူပီမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသခံယူနေကြသော ဒေသခံတိုင်းရင်းသားများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားပြီး အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

စာသင်ခုံများပေးအပ်

ဗဟိုအလုပ် အမှုဆောင်သည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် မင်းတပ်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ခန်းမ၌ မင်းတပ်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများအတွက် စာသင်ခုံ ၂၅ စုံကို မြို့နယ်ပညာရေးမှူး ဦးစံချုပ်ထံ ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် မင်းတပ်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြု ဗဟိုကျောင်းသို့ ရောက်ရှိပြီး ကျောဇ်တော်သာသနာပြုဌာန ဆရာတော် ဘဒ္ဒန္တကေလာသအား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ် အမှုဆောင်သည် ဩဂုတ် ၆ ရက်က ကန်ပက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမသို့ ရောက်ရှိပြီး ကန်ပက်လက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် တွေ့ဆုံကာ အမှာစကား ပြောကြားပြီး မြို့နယ်အတွင်းရှိ ကျောင်းသား ကျောင်းသူများအတွက် ဒုတိယအကြိမ် ပညာသင်ထောက်ပံ့ကြေးနှင့် အဝတ်အထည်များ အားကစားဝန်ကြီးဌာနမှ လှူဒါန်းသော အားကစားပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။ ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးသည် ကန်ပက်လက်မြို့ ထေရဝါဒဗုဒ္ဓသာသနာပြုဗဟိုကျောင်းသို့ရောက်ရှိပြီး ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥတ္တမနှင့် ဘဒ္ဒန္တကုန္ဒာဝုစတို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဗဟိုအလုပ် အမှုဆောင်သည် ဩဂုတ် ၈ ရက် နံနက်ပိုင်းတွင် မြန်မာသက္ကရာဇ် ၁၂၈၀ ပြည့်နှစ်တွင် ဂန့်ဂေါမြို့မှ ဦးရွှေကြော့ အသုံးပြုခဲ့သော ဆေးဘူးတောင်းကို သားသမီးများကိုယ်စား ဗဟိုအလုပ်အမှုဆောင်က ပေးအပ်လှူဒါန်းရာ ပုဂံမြို့ ယွန်းပညာကောလိပ်ရှိ ယွန်းပြတိုက်၌ ပြသရန်အတွက် ကျောင်းအုပ်ကြီး ဦးသောင်းလင်းက လက်ခံရယူကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

AIDS ရောဂါ တားဆီးကာကွယ်ရေး နှိုးဆော်ချက်(၂)

AIDS ရောဂါသည် အသက်အရွယ်၊ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းမရွေး ကူးစက်နိုင်သည်။ AIDS ရောဂါဖြစ်ပွားစေသည့် HIV ပိုးကူးစက် ခံရသူအများစုမှာ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်များဖြစ်ကြသည်။ လူငယ်များသည် စူးစမ်းလိုသည့်စိတ်ရှိခြင်း၊ မှန်ကန်သည့် မျိုးဆက်ပွား ကျန်းမာရေးအသိပညာများမရှိခြင်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းတို့ကြောင့် ရောဂါ ပိုမိုကူးစက်ခံရသည်။

ထို့ကြောင့် AIDS ရောဂါ တားဆီးကာကွယ်နိုင်ရန်-

(၁) AIDS ရောဂါ ကူးစက်ပုံအကြောင်း သေသေချာချာလေ့လာ၍ မိမိတို့အပြုအမူများကို ဆင်ခြင်နေထိုင်ပါ။
(၂) အန္တရာယ်ရှိမည့် လိင်မှုဆိုင်ရာအပြုအမူများကို လုံးဝရှောင်ကြဉ်ပါ။ တစ်ကြိမ်တစ်ခါမှ မစွန့်စားပါနှင့်။
(၃) နောက်ကြောင်းရာဇဝင်မသိသူနှင့် လိင်မဆက်ဆံပါနှင့်။ မဆင်ခြင်နိုင်ပါက အကာအကွယ်ပစ္စည်း(ကွန်ဒုံး) အသုံးပြုပါ။
(၄) မူးယစ်ဆေးဝါးသုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။
(၅) ရောဂါကူးစက်မှုနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို လူကြီးမိဘ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရောဂါကာကွယ်တားဆီးရေးအတွက် လေ့ကျင့်သင်ကြားထားသည့် သူငယ်ချင်းအပေါင်းအသင်းများနှင့် ဆွေးနွေးပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဘဒ္ဒန္တ ဝေပုလ္လ ဗုဒ္ဓစာပေဆု ချီးမြှင့်နိုင်ရေး ဗုဒ္ဓဘာသာကျမ်းစာအုပ်များ ပေးပို့နိုင်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြို့ ဗဟန်းမြို့နယ် မြို့မရပ်ကွက် ကြားတောရလမ်း မဟာသာသနဝေပုလ္လကျောင်းမှ ဂျပန်နိုင်ငံ သာသနာပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝေပုလ္လက နောင်လာနောက်သား သံဃာတော်များအတွက် ပရိယတ္တိစာပေ ပညာအရည်အချင်း မြှင့်တင်ရေးအတွက်လည်းကောင်း၊ အနာဂတ်မြန်မာနိုင်ငံ ကျောင်းသားများ ပညာရေးတိုးတက် မြင့်မားလာရေးအတွက်လည်းကောင်း ရည်ရွယ်၍ ဘဒ္ဒန္တဝေပုလ္လ၏ ဗုဒ္ဓစာပေဆုနှင့်စာအောင်ဆုများ ရွေးချယ်ချီးမြှင့်နိုင်ရေးအတွက် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခဲ့သည်။

ယင်းဗုဒ္ဓစာပေဆုများကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက်အတွင်း(ပထမအကြိမ်)ထုတ်ဝေပြီးသော ထေရဝါဒ ဗုဒ္ဓဘာသာကျမ်း စာအုပ်များမှ ရွေးချယ်ချီးမြှင့်မည်ဖြစ်သည်။

ဗုဒ္ဓဘာသာဆိုင်ရာ ကျမ်းစာအုပ်များကို တစ်မျိုးလျှင် နှစ်အုပ်ကျစီ ပဓာနနာယက ဆရာတော် ဦးဓမ္မတိဏ္ဏ မဟာသာသနဝေပုလ္လကျောင်း မြို့မရပ်ကွက် ကြားတောရလမ်း ဗဟန်းမြို့နယ် ဖုန်း-၃၈၀၈၆၃ သို့ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၃၀ ရက် နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထာဝရ ကုသိုလ် မျှထိုထို

ခိုင်းသိန်း(ကျိုင်းတုံ)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းကျင်းပသည့် သက်ကြီး ပူဇော်ပွဲကို ၁၇-၄-၂၀၀၆ ရက်နေ့က ကျိုင်းတုံစည်ပင်သာယာရေးခန်းမတွင် ကျင်းပခဲ့သည်။

သက်ကြီးပူဇော်ပွဲသို့ ရှမ်းအရှေ့(ကျိုင်းတုံ)မြို့တွင် အသက် (၈၅) နှစ်အထက် အဘိုး၊အဘွား ဦးရေ၇၄ဦး ရှိသည့်အနက် ၅၉ဦး တက်ရောက်ခဲ့သည်။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့လည်း တက်ရောက်ကြပြီး သက်ကြီးရွယ်အို အဘိုး၊ အဘွားတို့အား ဂါရဝပြုဆေးဝါးဝတ္ထုပစ္စည်းများ ပေးအပ်သည့်အပြင် ကျိုင်းတုံမြို့ရှိ အထူးကုဆရာဝန်ကြီးများကလည်း ကျန်းမာရေးဆိုင်ရာ ပြုစုစောင့်ရှောက်စစ်ဆေးကုသမှုများကို စေတနာမေတ္တာဖြင့် ဆောင်ရွက်ပေးကြပါ၏။

ထို့အပြင် ၁၂-၄-၂၀၀၆ရက်နေ့ကလည်း ရှမ်းအရှေ့ ကျိုင်းတုံမြို့တွင် ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် ပထမအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် စာရေးသူလည်း အများပြည်သူတို့နည်းတူ ဘိုးဘွားရိပ်သာ တည်ဆောက်ရေးအတွက် အလှူငွေကျပ်ငါးသောင်း လှူဒါန်းခဲ့ပါ၏။ အဆိုပါ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့ တက်ရောက်ကာ အမှာစကားပြောကြားပါ၏။ ထိုပြောကြားချက်များတွင် **"ထာဝရကုသိုလ်"** ဟူသော စကားလုံးလေးကို စာရေးသူသတိပြုမိပါ၏။ ထိုနေ့တစ်နေ့တည်းမှာပင် အလှူငွေ ကျပ် ၃၁၂သိန်း ရရှိခဲ့ပါ၏။

လွန်ခဲ့သောအပတ်က နိုင်ငံခြားသတင်းတစ်ပုဒ်တွင် "တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ အသက်ရာကျော်ဦးရေ ၆၀၀ ရှိကြောင်း" ဖတ်ရှုလိုက်ရသည်။ ၎င်းဦးရေအနက် အသက်ရာကျော်ရှိသူ ၄၆၈ဦးသည် အမျိုးသမီးများ ဖြစ်ကြပြီး ၁၃၂ဦးသည် အမျိုးသားများဖြစ်ကြသည်။

အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင်သာ သက်ကြီးရွယ်အိုများ တိုးပွားလာသည်မဟုတ်။ ကျွန်တော်တို့နိုင်ငံတွင်လည်း သက်ကြီးရွယ်အိုများ တိုးပွားလာနေပါ၏။

ထိုသို့ တိုးပွားလာသည့် သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ရန်မှာ ကျွန်တော်တို့ တာဝန်ပင်ဖြစ်ပါ၏။ မိမိသည်လည်း တစ်နေ့အိုရမည်။ ဇရာကို မည်သူမျှ ဟန့်တား၍မရ။

အာဘာဒင်တက္ကသိုလ်မှ ပါမောက္ခဂျွန်စပိမင်းက သိုက်ရိုက်ဆင်ခေါ် ဟိုမုန်းဓာတ် ဆေးဝါးတစ်မျိုးကို သုံးစွဲခြင်းဖြင့် လူ့ဇီဝကမ္မဖြစ်စဉ်ကို တိုးမြှင့်စေမည်ဟုဆိုပါသည်။ ထိုသို့မြှင့်ပေးခြင်းအားဖြင့် သက်ရှည်ကျန်းမာစေမည့်အဖြစ်ကို ရရှိစေမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဟိုမုန်းဓာတ်ပစ္စည်းကို အသုံးပြုစမ်းသပ်ကြည့်ရာ ကြွက်များတွင် အသက်ပိုရှည်လာသည်ကို တွေ့ကြရသည်။ အကယ်၍သာ လူအတွက် သင့်တော်မည့် ဆေးချိန်ကိုသာ မှန်ကန်စွာ ရှာဖွေဖော်ထုတ်နိုင်မည်ဆိုပါက ယခုကာလတွင် သက်တမ်း ၇၀ပြည့်အောင် နေရမည့်သူကို ထိုသိုက်ရိုက်ဆင်ဆေး စားသုံးစေခြင်းဖြင့် လူ့သက်တမ်း ၁၀၀ နေရစေရန် ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း ၎င်းပါမောက္ခက ပြောကြားသည်။

အထက်ပါ အဆိုကို ဆန့်ကျင်ကာ ဝေဖန်သတိပေးသော ပညာရှင်ကိုလည်း တွေ့ရသေးသည်။ သတိပေးသောပညာရှင်မှာ အခမဲ့တော်ဝင်ဆေးရုံမှ ဟိုမုန်းဓာတ်ကျွမ်းကျင်သူ ဒေါက်တာပီရီဘိုလောက်ဇ်ဖြစ်သည်။

သိုက်ရိုက်ဆင်ကြောင့် ကျန်းမာရေးဆိုင်ရာပြဿနာများ ဖြစ်ပေါ်လာနိုင်ကြောင်း ဘိုလောက်ဇ်က သတိပေးခဲ့သည်။ ကြွက်တို့၏ ဇီဝကမ္မဖြစ်စဉ်နှင့် လူတို့၏ ဇီဝကမ္မဖြစ်စဉ် သဘာဝချင်း မတူညီသည်ကို သတိပြုသင့်သည်ဟု ၎င်းက ဆိုသည်။ အာဘာဒင်တက္ကသိုလ်မှ ပညာရှင်များက ကြွက်များနှင့် စမ်းသပ်ရာတွင် ဇီဝကမ္မဖြစ်စဉ် မြင့်မားသော ကြွက်များသည် ဇီဝကမ္မဖြစ်စဉ်နိမ့်သော သာမန်ကြွက်များထက် အသက် ၂၅ ရာခိုင်နှုန်း ပို၍ရှည်သည်ကို တွေ့ကြရသည်ဟု ဆိုပါသည်။

ဤစိတ်ဝင်စားဖွယ်ရာသတင်းကို ကျွန်တော့်မိတ်ဆွေ တစ်ဦးကို ပြောပြရာ ၎င်းက ဖြစ်နိုင်တာ၊ မဖြစ်နိုင်တာအပထား လူသားတစ်ဦးချင်းစီ၏ အန္တိမရည်မှန်းချက်က အသက်ရှည်ကျန်းမာစွာ နေနိုင်ရေးပါပဲ၊ အသက်ရှည်တဲ့ပုဂ္ဂိုလ်တွေ များလာလေလေ သူတို့တစ်တွေရဲ့ လူမှုရေးလိုအပ်ချက်တွေ၊ ဖြည့်ဆည်းရေးအလုပ်တွေလည်း များလာတာပေါ့။ အခုပဲကြည့်လေ၊ ကျိုင်းတုံမှာ အသက်ရှည်ကျန်းမာကြတဲ့ အဘိုး၊ အဘွားတွေအတွက် မှီခိုအနားယူနိုင်မယ့် ဘိုးဘွားရိပ်သာတွေ ဆောက်လုပ်နိုင်ရေးကို ဆောင်ရွက်နေကြပြီ မဟုတ်လားဟု ဆိုပါ၏။

ကောင်းမှုကုသိုလ်၊ ထာဝရကုသိုလ်အတွက် မျှထိုထိုဟုဆိုသည့်အတိုင်း မိမိတို့ပြုသမျှ အလှူဒါနကို စိတ်မနောကြည်လင်စွာဖြင့် မေတ္တာပို့ အမျှပေးဝေမှုပြုရပါ၏။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်ဇနီးတို့သည် ရှမ်းအရှေ့ ကိုယ်စားပြုသမျှအလှူဒါနကို သံဃာတော်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် မေတ္တာပို့ အမျှပေးဝေကြပါသည်။

အထူးသဖြင့် အမျှဆိုသည်မှာလည်း ကုသိုလ်ကောင်းမှု၏ "အဖို့" ကို သူတစ်ပါးအား ထပ်တူထပ်မျှ ရစေရန် ပေးဝေရာ၌သုံးနှုန်းသော စကားဖြစ်၍ "အမျှပေးသည်"ဆိုသည်မှာ ကုသိုလ်ကောင်းမှု၏ "အဖို့" ကို တစ်ပါးသူအား ထပ်တူထပ်မျှရစေရန် ပေးဝေသည်ဟု ဆိုလိုပါသည်။

ဗုဒ္ဓဘာသာမြန်မာတို့ အလှူဒါနပြုကြရာတွင် ရေစက်သွန်းချ အမျှပေးဝေခြင်း အလေ့အထရှိပေရာ ယင်းဓလေ့ မည်ကဲ့သို့ဖြစ်ပေါ်လာကြောင်း ဆန်းစစ်ကြည့်ပါက ဗုဒ္ဓယဉ်ကျေးမှုကို အခြေခံထားကြောင်း တွေ့ရှိရသည်။

ဓာတ်တော်ကြီးဆယ်ဘွဲ့မှ ဝေဿန္တရာမင်းသည် အလှူခံပုဂ္ဂိုလ်တို့အား ပစ္စယဆင်ဖြူတော်ကို လှူရာ၌ ရွှေကရားဖြင့် ရေစက်သွန်းချလှူဒါန်းခဲ့သည်။ မင်းဘူးဆရာတော် ဦးဩဘာသ၏ ဝေဿန္တရာဇာတ်တော်တွင် ဘုရားလောင်း ဝေဿန္တရာမင်းကြီး အလှူပြုပုံကို "ဝတ်ပန်းရည်ရောထွေး၍ မွှေးကြိုင်လှစွာ နံ့သာရည်ဖြင့်ပြည့်သော ရွှေကရားကို ကိုင်တော်မူပြီးသော် အလှူခံပုဏ္ဏားတို့ ဤသို့လာလှည့်ကုန်ဟု ပုဏ္ဏားတို့ကို အနီး၌နေစေ၍ ရွှေပန်းကုံးနှင့်တူသော ဆင်ဖြူတော်၏ နှာမောင်းကို ကိုင်တော်မူလျက် ပုဏ္ဏားတို့လက်၌ထားပြီးသော် ရွှေကရားဖြင့် ရေစက်ချ၍ တန်ဆာဆင်အပ်သော ဆင်ဖြူတော်ကို လှူတော်မူ၏"ဟူ၍ ရေစက်ချလှူဒါန်းခြင်းကို တွေ့ရှိရသည်။

ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတဘုရားအဖြစ် ရောက်တော်မူပြီး ဗောဓိပင်နှင့်ရွှေပလ္လင်ဝယ် စံမြန်းတော် မူသည့်အခါ မာရ်နတ်မင်းနှင့် သူ၏စစ်သည်တို့သည် ဗုဒ္ဓမြတ်စွာဘုရားအား ရန်ပြုနှောင့်ယှက်လျက် ရွှေပလ္လင်ကို လုယူမည်ပြုသည်။

ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားသည် "လေးသင်္ချေနှင့်ကမ္ဘာတစ်သိန်း" တိုင်အောင် မိမိဖြည့်ဆည်းလာခဲ့သော ပါရမီတော်တို့ကို အောက်မေ့ဆင်ခြင်၍ မဟာပထဝီမြေကြီးကို သက်သေအရာ၌ ထားခဲ့ပါသည်။ ဤတွင် အသက်မဲ့သော မဟာပထဝီမြေကြီးသည် အိုးထိန်းစက်ကဲ့သို့ ချာချာလည် တုန်လှုပ်မြည်ဟည်းကာ သက်သေခံခဲ့သည်။

ဤသည်ကို အတုယူ၍ ဗုဒ္ဓဘာသာမြန်မာတို့သည် ကုသိုလ်ကောင်းမှုပြုကြရာတွင် "ဝသုန္ဓရေ ဤမြေပံသု သီလာထုလည်း သက်သေအမှု တည်စေသော်"ဟု မဟာပထဝီမြေကြီးအား သက်သေထားကာ ရေစက်သွန်းချ အမျှပေးဝေခြင်းဓလေ့ ဖြစ်ပေါ်လာသည်ဟု ယူဆရပါသည်။

နိဂုံးချုပ်တင်ပြရလျှင် မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် ခိုင်မြဲစွာတည်ရှိနေသော ရေစက်ချခြင်းဓလေ့နှင့် အမျှပေးဝေခြင်းဓလေ့တို့သည် မိမိကုသိုလ်အတွက် အခိုင်အမာ သက်သေပြခြင်းနှင့်အတူ သတ္တဝါအပေါင်းတို့လည်း မိမိနှင့်ထပ်တူကုသိုလ်ကောင်းမှု ရစေခြင်းငှာ ပြုသော အတ္တပရ ညီမျှကောင်းမွန်သည့် အစဉ်အလာဓလေ့ပင်ဖြစ်ကြောင်း တင်ပြ ရေးသားလိုက်ရပါသတည်း။ ။

ဆရာတော် သံဃာတော်များ၏ ဆွမ်း၊ကွမ်း ကုသိုလ်အတွက် အလှူငွေကျပ် ငါးသိန်းကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပေးအပ်လှူဒါန်းစဉ်။

အလုပ်ကြိုးစားသော နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ပြည်သူ့ထံ ပိုမိုဖြန့်ဖြူး

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၆ ရက်က ပြင်ဦးလွင်မြို့နယ်ရှိ ဝက်ဝံရေအားလျှပ်စစ်(အသေးစား) စက်ရုံသို့ရောက်ရှိရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မြင့်က ထွက်ရှိသည့်ဓာတ်အားကို ပြင်ဦးလွင်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်များသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေတို့ကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

မှာကြား

ဝန်ကြီးက စက်နှစ်လုံးဖြင့် စွမ်းအားပြည့်ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရန် မှာကြားသည်။ ထို့နောက် ဝန်ကြီးသည် ပြင်ဦးလွင်ခရိုင် လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိရာ ခရိုင်လျှပ်စစ်အင်ဂျင်နီယာက ခရိုင်အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေနှင့် စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံနေမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက ဤဒေသအားဓာတ်အားကို ပိုမိုဖြန့်ဖြူး ပေးနိုင်ရန်နှင့် စနစ်သစ်ဖြင့် ဓာတ်အားခကောက်ခံနေမှု အခြေအနေအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်ဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ်အနီးစခန်းရှိ (၁၃၂ကေဗွီ) ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံရရှိမှု၊ ပြင်ဦးလွင်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်ဒေသများသို့ ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးသည် Switch Yard အတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဆက်လက်ထွက်ခွာလာရာ ရွှေလီရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာမည့် ဓာတ်အားကိုမဟာဓာတ်အားလိုင်းစနစ်ဖြင့် ဆက်သွယ်ပေးမည့်(၂၃၀ ကေဗွီ) Double Circuit တာဝါတိုင်များ တည်ဆောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် (၁၃၂ ကေဗွီ)အောင်ပင်လယ် ဓာတ်အားခွဲရုံသို့ရောက်ရှိရာ ဓာတ်အားခွဲရုံမှူးက ဓာတ်အားလက်ခံရရှိမှုနှင့် ဓာတ်အားပြန်လည် ဖြန့်ဖြူးပေးနေမှုများကို ကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဓာတ်အားထိန်းချုပ်ခန်းမ၌ ဝန်ကြီးက ဓာတ်အားခွဲရုံဝန်ထမ်းများအား လုပ်ငန်းအပေါ် ပိုမိုကြိုးစား၍ နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်ရန် မှာကြားကာ Switch Yard အတွင်း (၁၃၂/၃၃/၁၁) ကေဗွီဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့် အဖွဲ့သည် မန္တလေးတိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိရာ မဟာဓာတ်အားလိုင်း ပို့လွှတ်ရေးစီမံကိန်းမှ စီမံကိန်းညွှန်ကြားရေးမှူးဦးတင်ရွှေက အထက်မြန်မာပြည်ရှိ မဟာဓာတ်အားလိုင်းစနစ် စီမံကိန်းများကိုလည်းကောင်း၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးကျော်သောင်းက မန္တလေးတိုင်းအတွင်း ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ စနစ်သစ်ဖြင့် ဓာတ်အားခ ကောက်ခံမှု အခြေအနေများကိုလည်းကောင်း ကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းတိုင်း လျှပ်စစ်အင်ဂျင်နီယာရုံးသို့ ရောက်ရှိလာရာရုံးခန်းမ၌ ဝန်ကြီးက ဝန်ထမ်းများနှင့်တွေ့ဆုံပြီး လျှပ်စစ်ဓာတ်အားကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ပြည်သူများထံသို့ ပိုမိုဖြန့်ဖြူးပေးနိုင်ရန် မှာကြားသည်။

(သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်ငွေးဦး လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းစစ်ဆေး စပါးသတ်မှတ်ကေပြည့်မီအောင်စိုက်ပျိုး၊ တစ်ဧကအထွက်နှုန်းတိုးရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ငွေးဦးသည် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းက ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာတန်ဇီပင်းနှင့် ဝန်ကြီးဌာနရှိ လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ မန္တလေးတိုင်း ညောင်ဦးမြို့နယ် လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြသည်။

ဖြည့်စွက်ရှင်းလင်း

စီမံကိန်းရှင်းလင်းဆောင်၌ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဦးမောင်မောင်လွင်က ယာမြေမှလယ်မြေပြောင်းပြီး ၅၂၉၃ ဧကတွင် တူးမြောင်းစနစ်ဖြင့် ရေပေးနိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြရာ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် မြစ်ရေတင်စီမံကိန်းလုပ်ငန်းနှင့် ပတ်သက်၍ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတေဇနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာတို့က ရှင်းလင်းတင်ပြကြသည်။

ပံ့ပိုးကူညီ

ဝန်ကြီးက သတ်မှတ်ထားသည့် ကေပြည့်မီအောင် စပါးစိုက်ပျိုးရေး၊ စိုက်ပျိုးသီးနှံများ၏ တစ်ဧကအထွက်နှုန်းတိုးမြင့်နိုင်သည်နှင့်အမျှ တောင်သူများ၏ လူမှုစီးပွားရေးမြင့်မားလာမည်ဖြစ်၍ ပံ့ပိုးကူညီဆောင်ရွက်သွားရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်မှ ရေတင်သည့်နေရာနှင့် ရေတင်စခန်းအမှတ်(၁)ကိုလည်းကောင်း၊ ရေငြိမ်ကန်ကိုလည်းကောင်း၊ ရေပေးမြောင်းကိုလည်းကောင်း၊ တူးမြောင်း ဘေးဝဲယာ၌ ခြံစည်းရိုးကြက်ဆူစိုက်ခင်း စိုက်ပျိုးထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ရေတင်စခန်း အမှတ်(၃)မှ ရေပေးမှုနှင့် လက်တံတူးမြောင်း(၂) တစ်လျှောက်တွင် မိုးစပါးစိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြကန်စိမ်းလန်းသာယာ စိုပြည်ရေး စီမံကိန်းတွင် ပါဝင်သည့် မြကန်ရေလှောင်တမံ၏ ရေဝင်မှုကိုကြည့်ရှုသည်။ **(အောက်ပုံ)**

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းက မြကန်အတွင်း ရေသိုလှောင်နိုင်ရန် ရေလုံလွှာခင်းခြင်းလုပ်ငန်း အပါအဝင် တည်ဆောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းဖြစ်သော ရှမ်းပြည်နယ် (တောင်ပိုင်း)ရပ်စောက်မြို့နယ် မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၏ တည်ဆောက်မှုလုပ်ငန်းများကို ပါဝါပွိုင့်ဖြင့် တင်ပြသည်။

ဝန်ကြီးက ဆက်လက်ဆောင်ရွက်သွားရမည့်လုပ်ငန်းများကို မှာကြားသည်။

မြကန်ရေလှောင်တမံသည် ညောင်ဦးမြို့နယ် ညောင်တိုကျေးရွာအနီးတောင်ပုံဝချောင်းပေါ်၌ တည်ဆောက်ထားပြီး တမံအလျားပေ ၃၆၀၀၊ တမံအမြင့် ၃၂ ပေရှိသည်။ မြကန်ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မွမ်းမံခဲ့ရာ ၂၀၀၆ ခုနှစ် မေလတွင် ရေစတင်ရရှိသိုလှောင်ခဲ့ကြောင်း သိရသည်။

ကြည့်ရှုစစ်ဆေး

ညနေပိုင်းတွင် ဝန်ကြီးနှင့်အဖွဲ့သည် ညောင်ဦးမြို့နယ်ရှိ ငါ့သရောက်ရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိပြီး တည်ဆောက်ပြီးလုပ်ငန်းများနှင့် ရေလှောင်တမံအတွင်း ရေဝင်မှုကိုကြည့်ရှုစစ်ဆေးသည်။

ငါ့သရောက်ရေလှောင်တမံသည် တမံအလျားပေ ၇၅၅၀၊ တမံအမြင့် ၆၄ ပေရှိသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ငါ့သရောက်ရေလှောင်တမံစီမံကိန်းနှင့် ဧရိယာပူးတွဲဆက်စပ်နေသော ငါ့သရောက်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၏ ရေတင်စခန်းများနှင့် ရေပေးတူးမြောင်းများမှ ရေပေးမှုကိုကြည့်ရှုသည်။

ဝန်ကြီးသည် ညနေ ၅ နာရီခွဲတွင် မကွေးတိုင်း ပခုက္ကူမြို့ မြန်မာ့ စိုက်ပျိုးရေးလုပ်ငန်း တမာပိုးသတ်ဆေးစက်ရုံရှင်းလင်းဆောင်၌ မကွေးတိုင်း စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ ပခုက္ကူနှင့် မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့တို့နှင့် တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဦးသောင်းစိန်အား ရည်စူး၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် ထန်းတပင်လမ်း အမှတ်(၈၆)နေ ဒေါ်မြပိုနှင့် သားသမီးတစ်စုတို့က ဒဂုံမြို့နယ် အမှတ် (၁၆)၊ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တရားရေးမဏ္ဍိုင်တိမ်းစောင်းခြင်းမရှိရေး ထက်မြက်ကျွမ်းကျင်သော တရားသူကြီးဖြစ်အောင်ကြိုးပမ်း ပြည်သူနှင့် ဆက်ဆံရာတွင် ယဉ်ကျေးစွာဆက်ဆံ

နေပြည်တော် ဩဂုတ် ၁၀

တရားသူကြီးချုပ် ဦးအောင်တိုးသည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၈ ရက် နံနက်ပိုင်းက မန္တလေးမြို့သို့ ရောက်ရှိပြီး တရားရုံးချုပ်(မန္တလေး) သင်တန်းခန်းမ၌ တရားရုံးချုပ်(မန္တလေး)မှ ဒုတိယတရားသူကြီးချုပ်နှင့် တရားရုံးချုပ်တရားသူကြီးများ၊ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ တရားရေးအရာရှိများ၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းတို့မှ တိုင်း၊ ခရိုင်၊ မြို့နယ်တရားသူကြီးများနှင့် တွေ့ဆုံကာ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

အမှာစကားပြောကြား

တရားသူကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားရုံးချုပ်(နေပြည်တော်)၌ ကျင်းပသော ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများနှင့် တွေ့ဆုံပွဲအခမ်းအနား၌ နိုင်ငံတော်ဝန်ကြီးချုပ်က တရားရေးအရာရှိများ၊ ဥပဒေအရာရှိများအား မှာကြားခဲ့ကြောင်း၊ ယနေ့အချိန်အခါသည် နိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ် တည်ဆောက်လျက်ရှိရာ စီးပွားရေးအခြေခံကောင်းများနှင့်အတူ အေးချမ်းတည်ငြိမ်သော အခြေအနေကောင်းများကို တွေ့ရှိနေရပြီဖြစ်ကြောင်း၊ ယင်းသို့သော အခြေအနေရောက်ရှိရန် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယင်းအခြေအနေတွင် တရားစီရင်ရေးသည် အရေးကြီးသောကဏ္ဍ၌ ရှိနေသည်ကို သိရှိခံယူမှတ်သားကြရန် လိုအပ်ကြောင်း၊ ထို့ကြောင့် အရေးပါသောကဏ္ဍက ပါဝင်လျက်ရှိသည့် တရားစီရင်ရေးယန္တရားကြီးကို ပြည်သူများ အမြင်တွင်ဖြစ်စေ၊ နိုင်ငံတကာ၏ အမြင်တွင်ဖြစ်စေ သိက္ခာရှိသော စနစ်အဖြစ် မြင်တွေ့ကြားသိစေရန်လိုကြောင်း၊ ပြည်သူများက တရားရုံးများကို ကြည်ညိုလေးစားယုံကြည်အားထားလာစေရန်မှာ တရားသူကြီးများအနေဖြင့် တာဝန်နှင့်ဝတ္တရားကို ရိုးသားဖြောင့်မတ်စွာဖြင့် ကြိုးစားထမ်းဆောင်ကြရန်လိုအပ်ကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင် တိမ်းစောင်းခြင်းမရှိစေရန်အတွက် ရိုးသားမှုနှင့်အတူ အရည်အသွေးထက်မြက်ကျွမ်းကျင်သော တရားသူကြီးများဖြစ်အောင် အစဉ်ကြိုးပမ်းကြရန်ဖြစ်ကြောင်း၊ ထို့ပြင် ပြည်သူများနှင့် ဆက်ဆံရာတွင် မောက်မာရိုင်းပျမှုမျိုးကို ရှောင်ရှား၍ ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံကြရန်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက တရားရုံးများအပေါ် အမြင်ကြည်လင်စွာဖြင့် အားကိုးအားထားပြုကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်၏ မှာကြားချက်များကို မှတ်သားလိုက်နာကြရန် ထပ်ဆင့်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။ **(သတင်းစဉ်)**

သမ္မတနှင့် သွင်ရုံတွင် လှည့်စားဇာတ်ကား ဆက်လက်ပြသ လာမည့်သောကြာ မျှော်လင့်ခြင်းများစွာ ရုံဝင်လာမည်

ရုပ်ရှင် သတင်းထောက်

ရန်ကုန် ဩဂုတ် ၁၀

ဒါရိုက်တာသိန်းဟန် (ဖီးနစ်) ရိုက် ကူးသည့် **'လှည့်စား'** ဟာသဇာတ်မြူး အက်ရှင်ဇာတ်ကားမှာ နောက်ဆုံးပတ် အဖြစ် သမ္မတ၊ သွင်၊ နဝဒေးနှင့် မဟာမြိုင် ရုံများတွင် ဆက်လက်ပြသလျက် ရှိသည်။

လှည့်စား

'လှည့်စား' တွင် ကျော်ရဲအောင်၊ ဒွေး၊ ခိုင်သင်းကြည်၊ ပြည့်ဖူးခိုင်တို့ ခေါင်းဆောင်ပါဝင်ထားပြီး ဟာသသရုပ်ဆောင်ပေါင်းများစွာ အားဖြည့်ပါဝင်ထားသည်။

မျှော်လင့်ခြင်းများစွာ

လာမည့် သောကြာပတ် (ဩဂုတ် ၁၈ ရက်)တွင် ဒါရိုက်တာ မောင်မျိုးမင်း(ရင်းတွင်းဖြစ်) ရိုက်ကူးပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုပ်ရှင်ထုတ်လုပ်ရေးမှတင်ဆက်သည့် **'မျှော်လင့်ခြင်းများစွာ'** ဇာတ်ကားသစ် ရုံဝင်လာမည်ဖြစ်သည်။

'မျှော်လင့်ခြင်းများစွာ' တွင် ဒွေး၊ မင်းမော်ကွန်း၊ ရန်အောင်၊ ရဲအောင်၊ နိုင်းနိုင်း၊ ပန်းဖြူ၊ စိုးမြတ်နန္ဒာ၊ မေသဥ္ဇာဦး၊ စိုးမိုးကြည်၊ ဟက်ကက်တို့ ပါဝင်သရုပ်ဆောင်ထားသည်။

ပြသဆဲဇာတ်ကားများ

ရွှေဆောင်နှင့်ဝဇီရာရုံတွင် **မော်ဒန်အချစ်များ** ပြသနေပြီး မင်္ဂလာရုံတွင် **The Myth** နှင့် နေပြည်တော်ရုံတွင် **Firewall** တင်ဆက်လျက်ရှိသည်။ ဆုထူးပန်ရုံတွင် မင်းသား ဆန်ဂျေးဒတ်၊ ဂျက်ကီရှော့ မင်းသမီး ရက်ဘီနား တန်ဒန်တို့ ပါဝင်ထားသည့် **Jung** အက်ရှင်ဇာတ်ကား ရုံဝင်လာသည်။ ရွှေဂုန်ရုံအပေါ်ထပ်တွင် စတီဗင်ဆီးဂဲလ် ပါဝင်သော **Under Siege** ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံ မြေညီထပ်၌ **Ramjaane** အိန္ဒိယဇာတ်ကား ပြသလျက်ရှိသည်။ မြို့မတန်းမြင့်ရုံတွင် ချစ်သူ့ရင်ခုန်သံ အမည်ရှိ **kaadhalan** ဇာတ်ကားကိုကြည့်ကြရမည်ဖြစ်သည်။

ရန်ပုံငွေ ရုပ်ရှင်

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ရန်ပုံငွေရုပ်ရှင်ပြပွဲကို ဩဂုတ် ၁၃ ရက်နှင့် ၂၇ ရက်တို့တွင် ရန်ကုန်မြို့သမ္မတရုပ်ရှင်ရုံ၌ပြသမည်ဖြစ်သည်။

ဩဂုတ် ၁၃ ရက်နံနက် ၈ နာရီတွင် ဟယ်ရီဆင်ဖို့ဒ်ပါဝင်ထားသည့် **Fire wall** ဇာတ်ကား ပြသမည်ဖြစ်ပြီး ဩဂုတ် ၂၇ ရက်တွင် ဂျက်ကီချန်းပါဝင်ထားသည့် **The Myth** ဇာတ်ကားပြသမည်ဖြစ်သည်။ အားပေးကြည့်ရှုလိုပါက မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ရုံး ဖုန်း-၂၅၂၄၁၇နှင့် ၃၈၅၂၇၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ ။

(မြန်မာ့အလင်း)



မော်ဒန်အချစ်များမှ လွင်မိုး၊ တင့်တင့်ထွန်းနှင့် အိန္ဒြာကျော်ဇင်တို့၏ ဇာတ်ဝင်ခန်းတစ်ခန်း။

မကြာမီ ရုံဝင်လာမည့် မျှော်လင့်ခြင်းများစွာမှ နိုင်းနိုင်းနှင့် မင်းမော်ကွန်း တို့၏ သရုပ်ဆောင်ဟန်။



လှည့်စားဇာတ်ကားမှ ဒွေး၏ လှုပ်ရှားဟန် တစ်ကွက်။

ဆေးတက္ကသိုလ်ဆရာများ အနာဂတ်ဆရာဝန်ကောင်းများ ပေါ်ထွန်းရေး အတွေ့အကြုံနှင့်အသိပညာများ တပည့်များအား ပြုစုပျိုးထောင်သင်ကြားပေး

ရန်ကုန် ဩဂုတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးသည် ဆေးသိပ္ပံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအေးသောင်း၊ ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေအောင်တို့လိုက်ပါလျက် ဩဂုတ် ၉ ရက် နံနက်ပိုင်းက ပဲခူးတိုင်း တောင်ငူမြို့ သူနာပြုသင်တန်းကျောင်းခန်းမ၌ သူနာပြုကျောင်းအုပ်ဆရာမကြီးနှင့် သင်တန်းဆရာမများ၊ သင်တန်းသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ သူနာပြုကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဖွဲ့စည်းပုံ အခြေအနေ၊ သင်ကြားအထောက်အကူ ပစ္စည်းများရရှိမှု၊ သင်တန်းသားအခြေအနေများကို ရှင်းလင်းတင်ပြသည်။

မှာကြား

ယင်းနောက် ဒုတိယဝန်ကြီးက သူနာပြုလုပ်ငန်းသည် မွန်မြတ်သည့်လုပ်ငန်းဖြစ်ကြောင်း၊ စေတနာ၊ အနစ်နာခံ၍ ဆောင်ရွက်ရန်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးမြို့သားဖွားသင်တန်းကျောင်း သင်တန်းခန်းမ၌ သင်တန်းကျောင်းအုပ်၊ သင်တန်းဆရာများ၊ သင်တန်းသူများနှင့် တွေ့ဆုံရာ သင်တန်းကျောင်းအုပ်က စာတွေ့၊ လက်တွေ့သင်ကြားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီးရောဂါကာကွယ်ရေးလုပ်ငန်း၊ ကုသခြင်းလုပ်ငန်းများအပြင် ကျန်းမာရေးပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် မှာကြားသည်။

စေတနာ

ဒုတိယဝန်ကြီးဒေါက်တာပိုင်စိုးသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့ နံနက် ၉နာရီခွဲတွင် ဆေးတက္ကသိုလ်(၂)ရန်ကုန် စာသင်ဆောင်(၃)၌ ပါမောက္ခချုပ် ဒေါက်တာသန်းနွေနှင့် ပါမောက္ခ/ဌာနမှူးများ၊ ဆရာဆရာမများနှင့် တွေ့ဆုံပြီး ဆေးတက္ကသိုလ်ဆရာများအနေဖြင့်စေတနာ၊ ကရုဏာ၊မေတ္တာ၊ အနစ်နာခံ၍ တပည့်များအား အနာဂတ် ဆရာဝန်ကောင်းများ ပေါ်ထွန်းအောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့၏ ဆေးပညာရပ်ဆိုင်ရာအတွေ့အကြုံနှင့် အသိပညာများကို တပည့်များအား ပြုစုပျိုးထောင် သင်ကြားပေးကြရမှာဖြစ်ကြောင်း၊ ပညာရှင်သမားတော်များဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းသင်ကြားပေးကြရန် မှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ခေတ်မီ စက်ကိရိယာများ၊ ခွဲစိတ်ပညာသင်ထောက်ကူ ပစ္စည်းများဖြင့် အသုံးပြုသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့အား အစည်းအဝေးခန်းမ၌ ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ်က ဆေးတက္ကသိုလ်(၂) ရန်ကုန်၏ သမိုင်းကြောင်းနှင့် ဖွဲ့စည်းပုံ အင်အား၊ အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် သံသုမာလမ်းရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ပါမောက္ခချုပ်ဒေါက်တာဘမြင့်က သင်ကြား၊ စီမံဆိုင်ရာ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သွားဘက်ဆိုင်ရာဆေးပညာပိုင်းသည် ခေတ်မီတိုးတက်နေသော အရှိန်အဟုန်ဖြင့် မြင့်မားတိုးတက်လျက်ရှိကြောင်း၊ မိမိဆေးကုသသည့်နေရာမှ ရောဂါဖြန့်ဝေသည့် နေရာမဖြစ်အောင် အမြဲသတိပြု ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် မှာကြားပြီး တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မေးရိုးနှင့် ခံတွင်း ခွဲစိတ်ကုသင်ကြားရေးဆေးရုံရှိ ခွဲစိတ်ကုသမှုခံယူမည့် လူနာများ၊ ကလေးလူနာဆောင်ရှိ ခွဲစိတ်ပြီး လူနာ၊အမျိုးသမီးလူနာဆောင်များကို လှည့်လည်ကြည့်ရှုအားပေးစကားပြောကြားပြီး လိုအပ်ချက်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စာသင်ဆောင်အဆောက်အအုံနှစ်ထပ်ဆောင် ဆောက်လုပ်မည့် မြေနေရာကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဆေးတက္ကသိုလ်(၂) ရန်ကုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ကျန်းမာရေး)

ဩဂုတ်၆ရက်က မန္တလေးမြို့ ၂၉လမ်း ဒေါင်းရိုးရပ် ဘုရားအမကြီး ဒေါ်ကြီးကြီးအား အမှူးထား၍ (သား) ဦးပေါ၊ (သမီး) ဒေါ်အုန်းခင်၊ မြေး-ဒေါ်စိန်မေ၊ ဗိုလ်မှူးကြီး အုန်းမောင်မောင်၊ ဦးမောင်ဖေ-ဒေါ်လှမေမြင့်၊(မြစ်) မေသူဖေ၊ အာကာဖေ၊ ဝေယံဖေ မိသားစုတို့က ဆွမ်းနှင့် ဆေးပဒေသာပင် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

၂၀၀၆ခုနှစ် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ တံခွန်စိုက် အလေးမပြိုင်ပွဲနှင့် တိုင်းလူရွေးပွဲကို ဩဂုတ် ၁၀ ရက်က အောင်ဆန်းအားကစားပြိုင်ဝင်း လေ့ကျင့်ရေးရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အလေးမဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးအောင်ခိုင်(စိုးမိုးကျော်)က အမျိုးသားအလေးမပြိုင်ပွဲတွင် ဗိုလ်စွဲသည့် လှိုင်မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။ (က-ပ)

ပြုစုကုသ အောင်ပွဲရ မှူးယစ်ကင်းစင်ဘဝ

သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာ ကျောင်းဆောင်သစ်ပေးအပ် အလယ်တန်းကျောင်းခွဲ တိုးမြှင့်ဖွင့်လှစ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ကတုံးပေါ်အထက်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ငွေကျပ်သိန်း ၁၄၀ တန် ကျောင်းဆောင်သစ်ပေးအပ်ပွဲနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲတိုးမြှင့်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဩဂုတ် ၉ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြို့နယ်ပညာရေးမှူး ဦးသန်းငွေ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိန်ဝင်းနှင့် ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယက ဦးထွန်းကြိုင်တို့က အခြေခံပညာ အလယ်တန်းကျောင်းခွဲ တိုးမြှင့်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ ကျောင်းသား ကျောင်းသူများက ဓာတိမာန်သီချင်းဖြင့် ဖွင့်လှစ်ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးက ပညာရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးက ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ကျေးဇူးတင်စကားပြောကြား၍ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ နာယကက ကျောင်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလွင်က ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများနှင့် အထိမ်းအမှတ်အလံတို့ကို မြို့နယ်ပညာရေးမှူး ဦးသန်းငွေအားလည်းကောင်း၊ မြို့နယ်ပညာရေးမှူးက အခြေခံပညာအလယ်တန်းကျောင်းခွဲတိုးမြှင့်ဖွင့်လှစ်ပွဲ အထိမ်းအမှတ်အလံကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့အားလည်းကောင်း လွှဲပြောင်းပေးအပ်ကြသည်။

ထို့နောက် ကျောင်းဆောင်သစ်အတွက် မတည်ငွေကျပ်၁၀သိန်း အထက်လှူဒါန်းသော အလှူရှင်ကိုးဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ၂၅၀ ကို ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးညွန့်ရွှေက စာကြည့်တိုက်မှူး ဦးချစ်လွင်ထံပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လှိုင်သာယာ၌ ဆန်အရောင်းဆိုင်များဖွင့်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ်တွင် မြန်မာနိုင်ငံ စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ စီစဉ်မှု၊ ဆန်စက်လုပ်ငန်းရှင်များအသင်း၏ကြီးကြပ်မှုဖြင့် ဆန်အရောင်းဆိုင်များကို မြို့နယ်အတွင်း ငါးနေရာခွဲသတ်မှတ်၍ ဈေးနှုန်းချိုသာစွာဖြင့်ရောင်းချပေးလျက်ရှိသည်။**(အောက်ပုံ)**

အဆိုပါ ဆန်ဆိုင်များကို အမှတ်(၁)ရပ်ကွက် ရွှေဥဒေါင်းလမ်း၊ အမှတ်(၈)ရပ်ကွက် အခွန်လွတ်ဈေး၊ အမှတ်(၁၁)ရပ်ကွက် အောင်မင်္ဂလာဈေး၊ အမှတ်(၁၆)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်းနှင့် အမှတ်(၁၈)ရပ်ကွက် အနော်ရထာလမ်းတို့တွင် ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။ ယနေ့နံနက်က အဆိုပါဆန် အရောင်းဆိုင်များသို့ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သိန်းမောင်၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမျိုးသိန်း၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းနှင့် မြို့နယ်ဆန်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးသန်းအောင်တို့က စားသုံးသူပြည်သူများ ဆန်ဝယ်ယူရောင်းချမှု အခြေအနေများ၊ ချိန်တွယ်ရောင်းချမှုများ မှန်ကန်ပြည့်မီရေးနှင့် ဈေးနှုန်းမှန်ကန်ရေး၊ ပြည်သူများ သက်သာချောင်ချိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။ အဆိုပါ ၂၅မှတ် ဧည့်မထဆန်များကို တစ်ပြည်လျှင် ကျပ်လေးရာဖြင့် နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ လွတ်လပ်စွာဝယ်ယူနိုင်ကြောင်း သိရသည်။ **(၁၈၀)**

ချန်ပီယံလိဂ်တတိယဆင့် ပထမအကျော့ခြေစစ်ပွဲ လီဗာပူးအသင်း မက္ကာဘီအသင်းကိုအနိုင်ရ

လန်ဒန် ဩဂုတ် ၁၀

ချန်ပီယံလိဂ်တတိယဆင့် ခြေစစ်ပွဲပထမအကျော့ပွဲစဉ်အဖြစ် လီဗာပူးအသင်းနှင့် အစ္စရေးမှ မက္ကာဘီဟိုင်ဖာအသင်းတို့သည် ဩဂုတ် ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့ရာ နောက်ဆုံးပွဲသိမ်းချိန်တွင် ဂွန်ဇာလက်က လီဗာပူးအသင်းအတွက် အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။

လီဗာပူးအသင်းဘက်သို့ ဘော့ကိုလီက ဤသို့ ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)

သရေကျ

အနီရောင်လီဗာပူးအသင်းသည် ဘော့ကိုလီ၏ ဂိုးကြောင့် အစ္စရေးအသင်းက နောက်မှလိုက်ကစားနေရသည်။ ယင်းဂိုးသွင်းပြီး လေးမိနစ်အကြာ ပွဲချိန် ၃၃ မိနစ်တွင် ဆစ်စကိုကန်သွင်းသောဘောလုံးကို ဘယ်လာမီက အလိုက်သင့် သွင်းယူလိုက်၍ တစ်ဖက်တစ်ဂိုးစီဖြင့်သရေကျနေသည်။

အနိုင်ဂိုးသွင်း

နှစ်သင်းစလုံးမှ အနိုင်ဂိုးသွင်းယူနိုင်ရေးအတွက် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့ကြရာ ပွဲချိန်၈၉ မိနစ်တွင် လူစားဝင်လာသူ ဂွန်ဇာလက်က လီဗာပူး၏ အနိုင်ဂိုးကိုသွင်းပေးနိုင်ခဲ့သည်။

အကဲခတ်

အဆိုပါ ပြိုင်ပွဲသည် ပွဲအစတွင် နွေးကွေးနေပြီး အင်္ဂလန်နည်းပြသစ် မက်ကလာရင်မှာလည်းငင်း၏အသင်းတွင် အသင်းခေါင်းဆောင်ခန့်ထားရန် စတီဗင်ဂျာရတ်၏ ကစားပုံ အနေအထားကို အကဲခတ်နေသည်။

အပေးအယူလုပ်

သို့ရာတွင် မက္ကာဘီအသင်းက ဘောလုံး ပိုင်ဆိုင်မှုများသော်လည်း လီဗာပူးနောက်တန်းကို မထိုးဖောက်နိုင်ဘဲရှိသည်။ ပွဲချိန် ၂၉ မိနစ်တွင် မက္ကာဘီ ကွင်းလယ် ကစားသမား ဘော့ကိုလီက ရော်ဘတ်တိုကိုလောက်တီနှင့် အပေးအယူလုပ် ကစားပြီး ဦးဆောင်ဂိုး စတင်သွင်းယူလိုက်သည်။

ရေးသားတင်ပြသူ

မြင့်မောင်စိုး

အားနှင့်ကန်သွင်း

ယင်းဂိုးကြောင့် လီဗာပူးအသင်း၏ နွေးကွေးနေသော ခြေလှမ်းများပို၍ မြန်လာစေပြီး လေးမိနစ်အကြာ ချေပဂိုးသွင်းနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျာရတ်လိမ့်ပေးလိုက်သော ဘောလုံးကို ပင်နင့်က ဆစ်စကိုထံ ဖြတ်ပို့ရာ ၎င်းက ကန်သွင်းယူခဲ့သည်။ သို့ရာတွင် ဂိုးသမား ဒါဗီဒိုဗစ်ဂျ်က ပုတ်ထုတ်လိုက်ရာ ထွက်လာသော ဘောလုံးကို ဘယ်လာမီ အားနှင့်ကန်သွင်းလိုက်ချိန်တွင် ဘောလုံးမှာ ပိုက်ထဲတွင်လုံးထွေးလျက် တွေ့ရသည်။

ဂိုးပေါက်လွဲ

နှစ်သင်းစလုံးမှ အနိုင်ဂိုးသွင်းရန် အကြိတ်အနယ် ကြိုးစားရာ ထုံးစံအတိုင်း ပီတာခရောင့်ဂျ်က သူ၏ အရပ်ရှည်ခြင်းကို အသုံးချပြီး ခေါင်းခုန်တိုက်၍ ဂိုးသွင်းရန်ကြိုးစားသည်။ မက္ကာဘီဂိုးသမား ဒါဗီဒိုဗစ်ဂျ်က ပင်နင့်၏အလွတ်တန်းကန်ဘောကိုကာကွယ်နိုင်ခဲ့ခြင်းမတိုင်မီ ပွဲချိန် ၇၅ မိနစ်တွင် စက်ရုပ်ခရောင့်ဂျ် လေတွင်ဝဲပျံလျက် ခေါင်းခုန်တိုက်ပြန်သည်။ သို့ရာတွင် ဂိုးပေါက်လွဲသွားသည်။

အနိုင်ဂိုး

နောက်ဆုံးပွဲသိမ်းရန် နှစ်မိနစ်သာ လိုတော့သည့် အချိန်တွင် အလွန်ဆိုဖြတ်ပို့သော ဘောလုံးကို ဂွန်ဇာလက် အိမ်ကွင်းအတွက် အနိုင်ဂိုးသွင်းပေးနိုင်ခဲ့သည်။ ။ **(အင်တာနက်)**

ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရေး ရေးယက်စ် မျှော်လင့်နေဆဲ

လန်ဒန် ဩဂုတ် ၁၀

အာဆင်နယ် တောင်ပံကစားသမား ဂျို့စ်အင်တိုနီယိုရေးယက်စ် **(အပေါ်ပုံ)** သည် ရီးရဲမက်ဒရစ်သို့ မကြာမီ ပြောင်းရွှေ့ခွင့်ရလိမ့်မည်ဟု မျှော်လင့်နေဆဲဖြစ်သည်။

အဆိုပါကလပ်အသင်းနှစ်သင်းကလည်း ရေးယက်စ် ပြောင်းရွှေ့ရေးအတွက် ဆွေးနွေးမှုမှာ ပြီးဆုံးအောင်မြင်လိမ့်မည်ဟု ယုံကြည်ထားကြသည်။

မိမိနှင့် မိမိ မိသားစုမှာ ပြောင်းရွှေ့ရေးအတွက် တင်းမာမှုများရှိသော်လည်း မျှော်လင့်ချက်များ တိမ်းစောင်းသွားလိမ့်မည်မဟုတ်ကြောင်း ရေးယက်စ်က စပိန်သတင်းစာတစ်စောင်သို့ ပြောကြားလိုက်သည်။

မိမိသည် ချက်ချင်းပင် ပြောင်းရွှေ့ရန် စိတ်အားထက်သန်နေကြောင်း၊ ဩဂုတ် ၉ ရက်က တစ်နေကုန် အရေးကြီးသော ဖုန်းခေါ်ဆိုမှုများအတွက် လက်ကိုင်ဖုန်းကို ဖွင့်ထားကြောင်း ၎င်းကပြောကြားသည်။ **(အင်တာနက်)**

အက်ရှ်လေကိုးလ် ခေါ်ယူရေးစေ့စပ်ဆွေးနွေးမှု ချယ်လ်ဆီးက စိတ်မရှည်စွာဖြင့် ဖျက်သိမ်း

လန်ဒန် ဩဂုတ် ၁၀

ချယ်လ်ဆီးအသင်းက အာဆင်နယ်ဝဲနောက်တန်းကစားသမား အက်ရှ်လေကိုးလ် **(ယာပုံ)** ပြောင်းရွှေ့ရေးနှင့် ပတ်သက်ပြီး စေ့စပ်ဆွေးနွေးခြင်းများကို ဖျက်သိမ်းလိုက်ပြီဖြစ်သည်။

အသက် ၂၅နှစ်ရှိ အဆိုပါ ကစားသမား ကမ်းလှမ်းချက်မှာ အလွန်နှောင့်နှေးကြန့်ကြာနေသည့်ကမ်းလှမ်းချက်သာဖြစ်ကြောင်း ပရီမီယာရှစ်ချန်ပီယံ ချယ်လ်ဆီးက ၎င်း၏ ဝက်ဘ်ဆိုက်၌ ဩဂုတ် ၉ ရက်က ထုတ်လွှင့်ခဲ့သည်။ လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေများအရ ၎င်းကစားသမား ပြောင်းရွှေ့ရေးနှင့်ပတ်သက်ပြီးသဘောတူညီချက် ရရှိလိမ့်မည်မဟုတ်ကြောင်းလည်း ချယ်လ်ဆီး၏ ကြေညာချက်၌ ဖော်ပြသည်။ ယင်းကစားသမား ပြောင်းရွှေ့ရေးအတွက် သည်းခံနိုင်စွမ်း မရှိတော့ကြောင်းလည်း ထိုနေ့စောစောပိုင်းက ချယ်လ်ဆီး နည်းပြ မော်ရင်ဟိုက ပြောကြားသည်။

အက်ရှ်လေကိုးလ်ပြောင်းရွှေ့ကြေးအဖြစ် အာဆင်နယ်က ပေါင်၂၅သန်းလိုချင်နေသော်လည်း ချယ်လ်ဆီးက ၎င်းထက်နည်း၍ဈေးလျှော့နေကြောင်းလည်းသိရသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား အားကစား

အင်္ဂလန်ယူ–၂၁ အသင်းအတွက် ဝေါလ်ကော့တ်နှင့်ဒါရင့်ဘင့်တို့ကို ခေါ်ယူ

ကမ္ဘာ့ဘောလုံးသတင်း နောက်ဆုံးဖြစ်ရပ်များကို စုစည်းပြီး မြန်မာ့အလင်းဘောလုံးပရိသတ်အတွက် ဖော်ပြလိုက်ပါသည်။

အင်္ဂလန် ယူ–၂၁အတွက် ဝေါလ်ကော့တ်နှင့်ဒါရင့်ဘင့်တို့ကို ခေါ်ယူ

အင်္ဂလန် အသက်၂၁နှစ်အောက် ဘောလုံးအသင်းအတွက် ဒါရင့်ဘင့်နှင့် ဝေါလ်ကော့တ်တို့အား ခေါ်ယူလိုက်ပြီဖြစ်ကြောင်းအင်္ဂလန်အသင်း နည်းပြသစ် မက္ကလာရင်နှင့်အင်္ဂလန် အသက် ၂၁နှစ်အောက်ဘောလုံးအသင်း အကူနည်းပြ ဆမ်မီလီတို့က ပြောကြားသည်။

အင်္ဂလန်ယူ–၂၁သည် ဥရောပယူ–၂၁ ချန်ပီယံလိဂ်ခြေစစ်ပွဲအဖြစ်လာမည့် ဩဂုတ် ၁၅ရက်တွင် ကစားရမည်ဖြစ်ရာ အကောင်းဆုံးဘောလုံးသမားများကို ဖြည့်ဆည်းလျက်ရှိသည်။

ဝေါလ်ကော့တ် **(အပေါ်ပုံ)**သည် အင်္ဂလန်ယူ–၂၁ အသင်းအတွက် ပထမဆုံးခေါ်ယူခြင်းခံရသူဖြစ်သည်။ ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပွဲ၌ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ပါဝင်ခဲ့သော်လည်း တစ်ပွဲမျှမကစားခဲ့ရသူလည်းဖြစ်သည်။ လက်ရှိကလပ်မှာ အာဆင်နယ်ဖြစ်ပြီး အာဆင်နယ်တွင်လည်း ပွဲချိန်ပြည့်တစ်ပွဲမျှမကစားခဲ့ရသေးသူလည်း ဖြစ်သည်။

ချာလ်တန်မှဒါရင့်ဘင့်နှင့်လီဗာပူးဂိုးသမားစကော့တ်ကာဆင်တို့လည်း ယူ–၂၁ ၌ ထည့်သွင်း ခေါ်ယူထားသည်။

ခရစ်စတင်းဘိုလာနို့စ် ချာလ်တန်နှင့်စာချုပ်

ကော်စတာရီကာ ဘောလုံးကစားသမား ခရစ်စတင်းဘိုလာနို့စ် **(အပေါ်ပုံ)** ကို ချာလ်တန်အသင်းက တစ်နှစ်စာချုပ်ဖြင့် အငှားခေါ်ယူလိုက်ပြီဖြစ်သည်။

ခရစ်စတင်းဘိုလာနို့စ်သည် လက်ရှိ ဒီပို့တီဗိုကလပ်တွင် ကစားနေသူဖြစ်ပြီး ၂၀၀၆ကမ္ဘာ့ဖလားပွဲ၌ ကော်စတာရီကာအသင်းတွင် ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်သည်။ အသက် ၂၂နှစ်အရွယ်ရှိ ခရစ်စတင်းဘိုလာနို့စ်သည် ပြီးခဲ့သည့်ဘောလုံးရာသီ၌ လီဗာပူးကလည်း ခေါ်ယူရန် ဆက်သွယ်ခဲ့သူဖြစ်သည်။

ပရီမီယာလိဂ်တွင် ကစားခွင့်ရရန် မိမိဆန္ဒရှိခဲ့ရာ ယခုပြည့်ဝခဲ့ပြီဖြစ်ကြောင်း၊ ပရီမီယာလိဂ် ရာသီအစကို မစောင့်နိုင်အောင်ပင် ကစားလိုစိတ် ပြင်းပြလျက်ရှိကြောင်း ခရစ်စတင်းဘိုလာနို့စ်က ပြောကြားသည်။

ဆိုးချော့နောက်ခံလူ ဒိုင်ရာဝါရာကို ပို့စ်မောက်နှင့်မာဆေးတို့ ချဉ်းကပ်နေ

ဆိုးချော့ကလပ်တွင်ကစားနေသည့် နောက်ခံလူ ဒိုင်ရာဝါရာ**(ယာပုံ)**သည် မကြာမီ စာချုပ်သက်တမ်းပြည့်တော့မည်ဖြစ်ရာ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ရန် ပို့စ်မောက်နှင့် မာဆေးကလပ်တို့ ချဉ်းကပ်ကြိုးစားလျက်ရှိသည်။

မိမိအနေဖြင့် ဆိုးချော့တွင် ဆက်လက်ကစားရန် ဆန္ဒရှိသော်လည်း စာချုပ် ထပ်မံချုပ်ဆိုရေး မရေမရာဖြစ်လျက်ရှိကြောင်း၊ ပို့စ်မောက်နှင့် မာဆေးအသင်းများက ကမ်းလှမ်းမှုများရှိနေကြောင်း၊ မိမိအနေဖြင့် ဆုံးဖြတ်ချက်ချရမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

မွန်တာရီကိုခေါ်ယူရေး ဂျူဗင်းတပ်စ်က အူဒီနီအဖြေကိုစောင့်နေ

ဂါနာအသင်း ကွင်းလယ်ကစားသမားနှင့် အူဒီနီကွင်းလယ်ကစားသမား မွန်တာရီ **(အောက်ပုံ)**ကို ခေါ်ယူနိုင်ရေးအတွက် ဂျူဗင်းတပ်စ်အသင်းက အူဒီနီအသင်း၏ အကြောင်းပြန်မှုကို စောင့်ဆိုင်းလျက်ရှိသည်။



အူဒီနီအသင်းက ရောင်းချရန်ရှိသော မွန်တာရီကို ဂျူဗင်းတပ်စ်က ခေါ်ယူရန် ရှိနေသော်လည်း မွန်တာရီက ပရီမီယာလိဂ် ပို့စ်မောက်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသည်။

ဂျူဗင်းတပ်စ်အနေဖြင့် မွန်တာရီကိုမရပါက ဘရာဇီး ကွင်းလယ်ကစားသမား ရီကာဒင်ဟိုကိုခေါ်ယူရန် အစီအစဉ်လည်းရှိနေသည်။ အူဒီနီကလည်း မွန်တာရီကိုရောင်းချရန် တုံ့ဆိုင်းနေသည်။

ခြေစမ်းပွဲ၌ ဂျပန်က ထရီနီဒတ်ကိုအနိုင်ရ

ဂျပန်နည်းပြသစ် အိုင်ဗီကာအိုဆင်အနေဖြင့် ၎င်း၏ ဂျပန်အတွက် ပထမဆုံးနိုင်ငံတကာ ပွဲစဉ်အဖြစ် ထရီနီဒတ်နှင့် တိုဘာဂိုအသင်းတို့ ကစားခဲ့ရာ၌ ဂျပန်က နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ရာ အိုင်ဗီကာအိုဆင် မျက်နှာပန်းလှခဲ့သည်။

ဂျပန်အသင်းအနေဖြင့် အာရှဖလားခြေစစ်ပွဲအဖြစ် ယီမင်အသင်းနှင့် မကြာမီရက်ပိုင်းအတွင်း ကစားရမည်ဖြစ်ရာ မိမိအသင်းနိုင်ပွဲများ ဆက်တိုက်ရယူသွားမည်ဟု ဂျပန်အသင်း နည်းပြသစ်အိုဆင်က ပြောကြားလိုက်သည်။ ။

(အင်တာနက်)

အမှတ်(၂)စက်မှုဝန်ကြီးဌာနအခြေခံကွန်ပျူတာသင်တန်းဖွင့်

နေပြည်တော် ဩဂုတ် ၁၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန အခြေခံကွန်ပျူတာသင်တန်းအမှတ်စဉ်(၃/၂၀၀၆)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၇ရက် နံနက်၉နာရီခွဲက နေပြည်တော်ရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် သင်တန်းခန်းမအတွင်း အခြေခံကွန်ပျူတာသင်တန်းသင်ကြားပို့ချမှုများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

အထက(သုဝဏ္ဏ) မဂ္ဂဇင်းထုတ်ဝေမည်

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် အထက (သုဝဏ္ဏ)၏ (၄၁)နှစ်တာခရီး ဒုတိယအကြိမ် ကျောင်းမဂ္ဂဇင်းကို ယခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ဝေမည်ဖြစ်သည်။ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဆောင်းပါး၊စာမူများ၊ သမိုင်းဝင်မှတ်တမ်းမှတ်ရာများ၊ ဓာတ်ပုံများကို ဦးထွန်းမင်း(ကျောင်းအုပ်ကြီး) ဖုန်း-၅၆၃၆၆၇၊ ဒေါ်ရီရီမြင့်(ဥက္ကဋ္ဌ၊ မဂ္ဂဇင်းကော်မတီ)ဖုန်း-၅၆၅၂၄၇၊ ဒေါ်နီနီရှိန် (ဒုတိယဥက္ကဋ္ဌ၊ မဂ္ဂဇင်းကော်မတီ) ဖုန်း-၀၉-၅၁၅၇၀၁၃၊ ဦးဥက္ကာအေး (တာဝန်ခံစာတည်း) ဖုန်း-၀၉၅ ၁၄၄၀၂၃နှင့် ဦးကြည်ရွှင်(ဒေါ်လာစတိုး) ဖုန်း-၅၆၅၄၄၆တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

လှိုင်မြို့နယ် အေးရိပ်မွန် ၁လမ်း အမှတ်၁၆ နေ ကျေးဇူးရှင်မိဘများဖြစ်ကြသော ဦးသိန်းထွန်း-ဒေါ်ကျင်မြင့်တို့အား ဦးထိပ်ထား၍ သမီး မရင်ရင်နွဲ့၏ မွေးနေ့အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းတစ်သောင်းကို အင်းစိန်မြို့နယ် ကွက်သစ်မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ အသင်းတွဲဖက်အတွင်းရေးမှူးများဖြစ်ကြသည့် ဦးသောင်းကြည်နှင့် ဦးလှသိန်းတို့က လက်ခံယူပြီး ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။ (က-ပ)

လက်ဘနွန်တောင်ပိုင်းရှိ မြို့နှစ်မြို့အား အစ္စရေးတပ်ဖွဲ့များသိမ်းပိုက်ထား

မာဂျာယွန် ဩဂုတ် ၁၀

အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ မာဂျာယွန်မြို့နှင့် ကလာရိတ်ချ်မြို့ နှစ်မြို့အား ဩဂုတ်၁၀ရက်က သိမ်းပိုက်ထားလိုက်ပြီဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်နိုင်ငံအတွင်း ၆၊မိုင်အကွာရှိ မာဂျာယွန်မြို့သို့ ကုန်းကြောင်းမှဆက်လက်ဝင်ရောက်သွားခဲ့ကြောင်း၊ တစ်ပြိုင်တည်းမှာပင် ကလာရိတ်ချ်မြို့သို့လည်း ဝင်ရောက်သွားခဲ့သည်ဟု ရိုက်တာသတင်းစာဆရာတစ်ဦးက ပြောကြားသည်။

၎င်းတို့၏ နောက်မှ တင့်ကားများလိုက်ပါလာပြီး အနီးရှိလမ်းများပေါ်၌ တပ်ဖြန့်ချထားခဲ့သည်။ ထိုအချိန်တွင် ဟစ်ဇ်ဘိုလာတို့ ပစ်ခတ်သောဒုံးကျည်နှင့် မော်တာကျည်များကျရောက်ခဲ့ကြောင်း၊ မာဂျာယွန်မြို့နှင့် မီတာ ၅၀၀ခန့်အကွာတွင် တင့်ကားနှစ်စီး မီးလောင်နေသည်ကို တွေ့မြင်ရကြောင်း ဒေသခံတစ်ဦးက ရိုက်တာသို့ ဖုန်းဖြင့်သတင်းပေးပို့ခဲ့သည်။

နောက်ပိုင်းတွင် တတိယမြောက် တင့်ကားတစ်စီးရောက်ရှိလာပြီး သေဆုံးနေသူများကို ရှင်းလင်းဖယ်ရှားခဲ့ကြောင်း၊ ဟစ်ဇ်ဘိုလာပြောက်ကျားများသည် ယင်းမြို့နှစ်မြို့အကြားရှိ အစ္စရေးတပ်ဖွဲ့များအပေါ် ဒုံးကျည်နှင့် မော်တာကျည်ဖြင့် အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဟစ်ဇ်ဘိုလာတို့၏ အစီရင်ခံစာတွင် ယင်းဒေသများ၌ ဖြစ်ပွားသော တိုက်ပွဲများတွင် ၎င်းတို့သည် အစ္စရေးတင့်ကား ၁၁စီးကို ဖျက်ဆီးပစ်ခဲ့ကြောင်း၊ အစ္စရေးတပ်ဖွဲ့ဝင်များသေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း ဖော်ပြထားသည်။

အစ္စရေးတပ်ဖွဲ့မှ ချက်ချင်းသတင်းထုတ်ပြန်ဖော်ပြခြင်းမရှိသေးပေ။ အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ ဖြစ်ပွားနေသောစစ်ပွဲတွင် လက်ဘနွန် ပြည်သူ ၁၀၁၁ဦးသေဆုံးခဲ့ပြီး များသောအားဖြင့် အရပ်သားများဖြစ်ကြသည်။ အစ္စရေးတို့ဘက်မှ ၁၁၆ဦးသေဆုံးခဲ့ပြီး များသောအားဖြင့် စစ်သားများဖြစ်ကြသည်။ **(အင်တာနက်)**

တာမွေမြို့နယ် အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၀ရက်က ကျောင်းခန်းမတွင် ကျင်းပရာ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်က ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းအကြောင်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်ကြည်နှင့် ဆရာ ဆရာမများ၊ ကျောင်းသားများအား ရှင်းလင်းပြောကြားစဉ်။ (၁၁၅)

သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားများမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှုမရှိသောနေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ။

မွန်ပြည်နယ်နှင့် မန္တလေးတိုင်းနေရာအချို့၌ ရေလွှမ်းမိုးမှုဖြစ်ပွား လုံခြုံရေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၀

မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်းအချို့တွင် ယခုရက်အတွင်း မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် နေရာဒေသအချို့၌ ရေကြီးရေလွှမ်းမိုးမှုများ ဖြစ်ပေါ်လျက်ရှိသည်။

မွန်ပြည်နယ် ရေးမြို့၌ ဩဂုတ် ၉ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဘုရင့်နောင်လမ်း၊ ဘူတာလမ်း၊ ရာဇဓိရာဇ်လမ်းနှင့် တနင်္သာရီလမ်းများ၌ ရေအနက် ခြောက်ပေ၊ ခုနစ်ပေခန့် ရေကျော်လျက်ရှိကာ ရေးမြို့ သီရိနန္ဒာရပ်ကွက်၊ အောင်မေတ္တာရပ်ကွက်၊ အောင်သုခရပ်ကွက်၊ ရန်ကြီးအောင်ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်၊ ချောင်းထောင်ကျေးရွာတို့၌ ရေကြီးရေလွှမ်းမှုကြောင့် အိမ်ထောင်စုဝင်များအား ကယ်ဆယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်၍ နေရာရွှေ့ပြောင်းပေးခဲ့ပြီး စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားပေးခဲ့ကြောင်း၊ ရေဘေးသင့်အိမ်ထောင်စုများအား မြို့နယ်မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက လုံခြုံရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြုပြင်မွမ်းမံ

အလားတူ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မုဒုံမြို့နယ် ကမာဝက်ကျေးရွာနှင့် သံဖြူဇရပ်မြို့အကြားရှိ ရထားလမ်းပေါ်၌ ရေကျော်လျက်ရှိသဖြင့် ရန်ကုန်-ရေး-ထားဝယ် ရထားကို ကမာဝက်ကျေးရွာ၌ ခေတ္တရပ်ထားခဲ့ရပြီး ထားဝယ်-ရေး ရထားခရီးစဉ်များ ခေတ္တဖျက်သိမ်းထားခဲ့ကြောင်း၊ ရေကျော်၍ ရထားလမ်းပိုင်းချို့ယွင်း ပျက်စီးမှုအချို့ကို မြန်မာ့မီးရထားမှတာဝန်ရှိသူ အင်ဂျင်နီယာများက ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ရေကျော်

မန္တလေးတိုင်း မန္တလေးမြို့၌လည်း ဩဂုတ်၉ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လမ်းအချို့မှာ ရေကျော်လျက်ရှိသဖြင့် စာသင်ကျောင်းအချို့ကို ခေတ္တပိတ်ထားပေးခဲ့ကြောင်း၊ ရေကြီးရေနစ်မြုပ်သည့် ရပ်ကွက်အချို့မှ အိမ်ထောင်စုဝင်များအား မြို့နယ်မှတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လုံခြုံရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ ထမင်းထုပ်များ ဝေငှပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချို့ယွင်းပျက်စီး

မွန်ပြည်နယ်နှင့် မန္တလေးတိုင်းတို့၌ ရေကြီးရေလွှမ်းမိုးမှုကြောင့် လူအသေအပျောက် မရှိကြောင်းနှင့် ရထားလမ်း၊ ကားလမ်းပိုင်းမှ ချို့ယွင်းပျက်စီးမှုဖြစ်ပွားရာ နေရာအချို့ကို တာဝန်ရှိသူများက ပြင်ဆင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲနှင့်ဓာတ်ကြီးလေးပါးဆွမ်းတော်ကပ်လှူပွဲ

ရန်ကုန် ဩဂုတ် ၁၀

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော် အရှေ့ဘက် သုမင်္ဂလာရာမ လယ်တီဝိပဿနာကျောင်းတိုက်ကြီး၌ တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပသော သတ္တဌာန ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကိုးရက်စခန်း အဓိဋ္ဌာန်ပွဲကြီးနှင့်ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲကို ဩဂုတ်၂၈ရက်မှ စက်တင်ဘာ ၅ရက်ထိ ကိုးရက်တိုင်ကျင်းပမည်ဖြစ်ပြီး အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ကျေးဇူးတော်ရှင် လယ်တီဆရာတော် ဘဒ္ဒန္တ သုမင်္ဂလအရှင်သူမြတ်၏ဥပနိဿယအတိုင်း ကျောင်းတိုက်ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က ဟောဖော်ညွှန်ပြ အဓိဋ္ဌာန်တရားတော်များ ချီးမြှင့်တော်မူမည်ဖြစ်သည်။

အဆိုပါ သတ္တဌာနဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ အဓိဋ္ဌာန်ပွဲကို နေ့စဉ် ညနေ၅နာရီတွင်လည်းကောင်း၊ ဓာတ်ကြီးလေးပါး ဆွမ်းတော်ကပ်လှူပွဲကို နေ့စဉ်နံနက် ၆နာရီခွဲ၌လည်းကောင်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။ ယင်းအဓိဋ္ဌာန်ပွဲတော်အတွက် လှူဒါန်းလိုသောအလှူရှင်များသည် လယ်တီဝိပဿနာကျောင်းတိုက် ဖုန်း-၅၆၀၇၁၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (၀၅၂)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၅၅၆၂၄ Kawasaki GTO M/Cယာဉ်လက်ဝယ်ရှိသူ ဦးဝဏ္ဏ၊ မှတ်ပုံတင်အမှတ် ၇/ပခန(နိုင်)၀၇၃၇၃၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဦးစီးမှူးရုံး(ပဲခူး)။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၈၂၁ ယာဉ်အမျိုးအစား HONDA Dream ယာဉ်လက်ဝယ်ရှိသူ အမည် ဦးအောင်ကျော်စိုး မှတ်ပုံတင်အမှတ် ၁၃/တကန(နိုင်)၁၅၀၃၈၃က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။**

အမည်ပြောင်း

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း T.T.C ဒုတိယတန်း(G)မှ ဦးမြသောင်း-ဒေါ်ခင်ထွေးတို့၏သား မောင်ဝင်းထက်ကျော်အား မောင်ဝင်းဌေးဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းဌေး။**

ဝါခေါင်နှင့်စာရေးတံမဲပွဲ

ဝါခေါင်လကို မြန်မာမှုအရ သိဟ်ရာသီခေါ်၍ စန်းပြည့်နက္ခတ်မှာ သရဝဏ်နက္ခတ်ဖြစ်လေ၏။ ယှဉ်သောတာရာမှာ ဗိုင်းတာရာဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ရုပ်ဖြစ်လေသည်။ ဝါခေါင်လသည် မြန်မာလတွင် တစ်ဆယ့်နှစ်လအနက် ပဉ္စမမြောက်လဖြစ်သည်။ မိုးဥတုတွင် ပါဝင်ပြီး လများ၏ အမှတ်စဉ်ကို ရေတွက်လျှင် "ငါး"ကျသည်။ ငါးသည် စုံမဟုတ် မဖြစ်သည်။ ထို့ကြောင့် ဤလသည် ရက်မစုံသတ်သောလ ဖြစ်သည်။ ရာသီပန်းမှာ ခတ္တာပန်းဖြစ်၍ ရာသီပွဲတော်မှာ "စာရေးတံ မဲပွဲ"ဖြစ်သည်။ ဝါခေါင်လနှင့် ပတ်သက်၍ ရှေးရိုးစဉ်လာပွဲတော်တစ်ခုမှာ စာရေးတံမဲပွဲဖြစ်သည်။

မြန်မာတို့သည် ရိုးရာ ရာသီပွဲများ ကျင်းပလေ့ရှိသည်။ စာရေးတံမဲပွဲတော်သည် ဝါခေါင်လ၏ ထင်ရှားသော ပွဲတော်ထူး ပွဲတော်မြတ်ဖြစ်သည်။

ကုန်းဘောင်ခေတ်တွင် စာဆိုတော်မယ်ခွေသည် ဝါခေါင်လဖွဲ့ အဲချင်းတွင် "မြန်မာ့သင်းကျစ်၊ သတိုး စစ်တို့၊ လက်ရှစ်ကခြေ၊ အထွေထွေနှင့် ရွှေစာရေးတံ၊ အောင်ပွဲခံသည်"ဟု စပ်ဆိုခဲ့သည်။ စာဆိုလူဦးမင်းက "နိဗ္ဗာန်ငယ်မည်မှတ်၊ ပြည်များနတ်မှာ၊ မြတ်စာရေးတံ၊ ခြိမ့် ကြွေးညံလို့၊ သံဝါသနစ်၊ သားသုံးခေတ်တွင်"ဟူ၍ လည်းကောင်း ဖွဲ့ဆိုခဲ့သည်။

ဝါခေါင်သည် ဝါပုဒ်၊ ဝါကာလဖြစ်သကဲ့သို့ ခေါင်ပုဒ်သည် နေ့လယ်ခေါင်၊ သန်းခေါင်၊ အလယ်ခေါင်စသည့် ဝေါဟာရများတွင် ပါဝင်လေရာ အလယ်ဗဟိုဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပုဂံခေတ်ကျောက်စာများ၌ ဝါခေါင်လကို နံကာလ ဟူ၍ ရေးထိုးသုံးစွဲကြပြီး နံကာတွင် နံပုဒ်သည် နံရောအခါ ဘယ်နံသောအခါ၊ ဘယ်နံခါဆိုသည် ဝေါဟာရများတွင် ပါရှိလေရာ အချိန်၊ အခါ၊ ကာလ၊ အနက် အဓိပ္ပာယ်ကို ဆောင်ပါသည်။

နံကာလ ဝါခေါင်လသည် လယ်လုပ်ထွန်ယက် စိုက်ပျိုးချိန်ဟု ဆရာကြီးဦးဖိုးလတ်က ဆိုပါသည်။ တကယ်တော့ ဝါခေါင်လသည် လယ်သမားတို့ စိုက်ချိန်၊ ပျိုးကြဲချိန်မို့ လယ်သမားများ ချစ်သောလ ဟူ၍ ဆိုချင်ပါသည်။ မိုးသည်းထန်စွာရွာသောလမို့ လယ်သမားတို့ အကျိုးရှိပါသည်။

အမှန်စင်စစ် စာရေးတံမဲအလှူသည် ဆွမ်းသာမက ရဟန်းအသုံးအဆောင် ထီး၊ ဖိနပ်၊ သင်္ကန်း စသည်တို့လည်း ပါဝင်သည်။ "ဝါခေါင်တကြောင်း ထနောင်း ကြောင်ခြစ်၊ ဆူးရစ်ပွင့်ခါ မိုးမရွာ၊ ရွာပါသော်လည်း မိုးမသည်း"ဟူ၍ မိုးနည်းရပ်ဝန်းဒေသနေ တောင်သူလယ်သမားများအတွက် ရှေးစာဆိုတို့စပ်ဆိုခဲ့သည်။ ထနောင်းပင် ကြောင်ခြစ်ပင်နှင့် ဆူးရန်ချုံများပွင့်ပါက ဝါခေါင်လဖြစ်သည်။ ဝါခေါင်လဖြစ်ပါက မိုးခေါင်တတ်သည်။ ရွာဦးတော့သည်းသည်း၊ မည်းမည်းမရွာ၊ ဖွဲဖွဲသာရွာတတ်သည်ဟူ၍ ဆိုထားပါသည်။

ရွှေဘိုသီရိမာလာ

ဝါခေါင်လပြည့်သည် မေတ္တာအခါတော်နေ့ဟူ၍ ကျင်းပလေ့ရှိကြပါသည်။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်ငါးရာတို့ မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို ယူဆောင်၍ တောအုပ်တစ်ခုတွင် ဝါဆို ဝါကပ်ပြုတော်မူကြပါတယ်။ ရဟန်းတော်များ၏ သီလတန်ခိုးကြောင့် နေရာဖယ်ပေးကြရသည့် နတ်အချို့က အမျိုးမျိုးခြောက်လှန့်ကြသောကြောင့် တရားကို ဖြောင့်အောင်နှလုံးမသွင်းနိုင်ဘဲ စိတ်ဓာတ် ချောက်ချားပြီး ဝါတွင်းကာလမှာပင် မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်သို့ ပြန်သွားကြသည်။ မြတ်စွာဘုရားက မေတ္တာလက်နက်ကို ယူဆောင်ပြီး တောအုပ်သို့ပြန်သွားကြရန် တိုက်တွန်းပြီး မေတ္တာသုတ်ဒေသနာကို ဟောကြားပေးလိုက်ပါသည်။ ရဟန်းတော်တို့၏ မေတ္တာဓာတ်ကြောင့် နတ်များက ချစ်ခင်လာကြပြီး ငြိမ်းချမ်းစွာနေတော်မူကြရပါသည်။ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်မှာပင် ဝါခေါင်လအတွင်း ဒုတိယဝါကပ်တော်မူကြပြီး မေတ္တာတရားကို ပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါမကျွတ်မီအားလုံး ရဟန္တာများ ဖြစ်တော်မူကြပါသည်။

(က) ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တာသုတ်ကို ဝါတွင်းကာလ၌ ဟောတော်မူခြင်း။

(ခ) ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၌ ပစ္ဆိမဝါကပ်တော်မူခြင်း။

ဤအကြောင်းများကို ထောက်၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

ဝါခေါင်လ စာရေးတံမဲအလှူကား ထေရဝါဒ ဗုဒ္ဓဘာသာတို့၏ မွန်မြတ်သောပွဲတော်မြတ် ဖြစ်ပါပေသည်။ ဝါခေါင်လနှင့်ပတ်သက်၍ ရတု၊ ကဗျာ၊ အဲချင်း၊ လေးချိုး၊ လူးတား၊ လွမ်းချင်း၊ တေးထပ်၊ ခွန်းထောက်၊ လေးဆစ်၊ သံပေါက် စသည် ဖွဲ့နွဲ့စပ်ဆိုထားသောစာများ တွေ့ရသည်။ ဝါခေါင်လပြည့် ညချိန်တွင် သရဝဏ်နက္ခတ်နှင့် ငွေလမင်းတို့ ယှဉ်ပြိုင်မိကြ၏။ ထိုလကို သရဝဏ်လ၊ သို့မဟုတ် သဝဏမာသဟု ခေါ်ကြပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

မွန်ပြည်နယ်မော်လမြိုင်မြို့ သမိုင်းဝင်ကျိုက်သလွန်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ရွှေသာလျောင်းဘုရား စံပယ်တော်မူရာ ရွှေသာလျောင်းဝတ်တော်ကြီးကို စေတနာရှင်၊ အလှူရှင်များစုပေါင်းမတည်ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ၍ ရှေ့မျက်နှာစာ၊ လှေကားသစ်တပ်ဆင်ပေးမှုလုပ်ငန်း တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (၁၆၈)

မြန်မာ့အသံနားဆင်စရာ

၁၃၆၈ခုနှစ်
(ဝါခေါင်လပြည့်ကျော် ၄ ရက်)
၁၂–၈–၂၀၀၆
(စနေနေ့)

နံနက်ပိုင်း

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

- ၀၉:၃၀ တူယှဉ်သီကြွေး စုံတွဲတေး
  - (၁) ခရီးသွားရင်း သီချင်းဆိုမယ်
  - (၂) ချစ်ခရီးလမ်းကလေး
  - (၃) ချစ်သူရေ
- ၀၉:၄၅ အာဆီယံအစီအစဉ်
- ၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တန်ဖိုးမြှင့်ထုတ်ကုန်နို့ထွက်ပစ္စည်းလုပ်ငန်း)
- ၁၁:၃၅ မေတို့ရေးရာသိမှတ်စရာ (တော်လေးဝနှင့် တကယ့်အလှ)
- ၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
- ၁၂:၁၀ နေ့စဉ်သုံးအီဒီယမ် (ဆရာ ဦးသိန်းလွင်)
- ၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (နဝမတန်း–စာရိတ္တနှင့်လောကနီတိ–မိုးနှင့်သရက်အိုးနှင့်ကြွက်)

ညနေပိုင်း

- ၁၆:၁၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) မောင်မောင်မုန်းဖို့ ကြိုးစားပါလား
  - (၂) မောင်ခေါ်ရာလိုက်ခဲ့ပါလား
  - (၃) ဆုတောင်းမှားခဲ့လေသလား
- ၁၇:၀၀ အဆို၊ အက၊ အရေး၊ အတီး ဆုရအစီအစဉ် (အဆို၊ အက၊ အရေး၊ အတီးဆုရ ရခိုင်ပြည်နယ်မှ မအိအိချွန်နှင့် ရန်ကုန်တိုင်းမှ မဥမ္မာမွန်တို့၏ ခေတ်ဟောင်း၊ ကာလပေါ်တေး)
- ၁၇:၁၅ ခေတ်ဟောင်းတေး
  - (၁) မိုးနတ်မောင် (မအေးမိ)
  - (၂) ချစ်မိုးစွေ(ပြည်လှဖေ–မေရှင်)
  - (၃) ဘရဏီ (မောင်တင်မောင်)
- ၁၇:၄၅ ကျန်းမာကြံ့ခိုင်ဒို့မဏ္ဍိုင် (ကျန်းမာစေဖို့ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများ) (မောင်–ဆေးတက္ကသိုလ်)
- ၁၈:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (STA တေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် စိုင်းဆိုင်မောဝ်၏ Unplugged တေးစီးရီး)
- ၂၀:၃၀ တေးသံစုံ (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့)
- ၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) လှယမင်းနှင့် တွေ့ဆုံခြင်း
  - (၂) မောင့်ကိုလေမုန်းမိဦးမယ်
  - (၃) အညာကသူငယ်ချင်း

ပုလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့အဝင်နှစ်ထပ်လမ်းဝဲယာ ပေါင်းမြက်ရှင်းလင်းခြင်းဆောင်ရွက်မှုကို ဇူလိုင် ၂၀ ရက်က တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဇော်နှင့်အဖွဲ့ ကွင်းဆင်းကြီးကြပ်စဉ်။ (တိုင်းစည်ပင်)

မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် အသားငါးရောင်းချသူများမှ သန့်ရှင်းလတ်ဆတ်သော အသားငါးများရောင်းချရေးနှင့် အလေးချိန်ခွင် မှန်ကန်စွာရောင်းချရေးအတွက် ဇူလိုင် ၇ ရက်က ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ကြပ်မတ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ခေါင်းညှပ်နှင့်ဘော်ကြယ်ထိုးပြုလုပ်နည်းသင်တန်းဖွင့်

တောင်ကြီး ဇူလိုင် ၃၁

ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်သည့် ခေါင်းညှပ်၊ ဖဲကလစ်နှင့် ဘော်ကြယ်ထိုးပြုလုပ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက် နံနက် ၉နာရီက တောင်ကြီး ပညာရေးကောလိပ် ပညာရတနာခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က သင်တန်းဖွင့် အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာ အမျိုးသမီးများလူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့တာဝန်ခံ ဒေါ်ခင်သင်းကြည်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်ဇနီး၊ ပြည်နယ်အဖွဲ့ဝင်များက သင်တန်းပို့ချမှုများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ သင်တန်းသို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မိသားစု၊ ပြည်နယ်ရဲတပ်ဖွဲ့မိသားစုနှင့် တောင်ကြီးခရိုင်၊ မြို့နယ်၊ရပ်ကွက်နှင့်ကျေးရွာများမှ အမျိုးသမီးရေးရာအဖွဲ့ဝင်နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် သင်တန်းသူ ၁၁၃ ဦး တက်ရောက်ကြသည်။ **(ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့)**

ချမ်းအေးသာစံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သီရိဟေမာအရှေ့ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲကို ဇူလိုင် ၂၉ရက်က အဆိုပါရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသက်နိုင်ဦးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်ထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်ပြန်/ဆက်)

ပေါင်းတည်မြို့ မြို့မဈေးနှင့် ရွှေတည်ဈေးအတွင်း သားငါးများ သန့်ရှင်းလတ်ဆတ်၍ ကျန်းမာရေးနှင့်ညီညွတ်ပြီး အလေးချိန်ခွင် မှန်ကန်စွာရောင်းချရေးအတွက် ဇူလိုင် ၂၈ရက်က အမှုဆောင်အရာရှိဦးသန်းဇော်၊ ဈေးတာဝန်ခံ ဦးကျော်မင်းဆွေ၊ မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ သင်းသင်းခိုင်တို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (၀၆၄)

ကျိုင်းတုံမြို့၌ ပဏာမ သွားကျန်းမာရေး စောင့်ရှောက်မှုစီမံချက် မိခင်/ ကလေးအသင်းဝင်များ ပါဝင်ဆောင်ရွက်ရေးအသိပေး

ကျိုင်းတုံ ဩဂုတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ပဏာမသွားကျန်းမာရေး စောင့်ရှောက်မှု စီမံချက်တွင် အသင်းဝင်များ ပါဝင်ဆောင်ရွက်ရေး အသိပေးပွဲ အခမ်းအနားကို ဇူလိုင် ၃၁ ရက် ညနေ၃နာရီက ကျိုင်းတုံမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြူကြူလှက အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

ရှင်းလင်း

ထို့နောက် ကျိုင်းတုံမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ သွားနှင့်ခံတွင်း ဆရာဝန် ဒေါက်တာဝဏ္ဏစိုးက ပဏာမ သွားကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်း၊ သွားနှင့်ခံတွင်းရောဂါအကြောင်းတို့ကို ရှင်းလင်းတင်ပြပြီး ပဏာမ သွားကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များ ပါဝင်ဆောင်ရွက်ရမည့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တက်ရောက်

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းအလုပ်အမှုဆောင်များ၊ ကျိုင်းတုံမြို့ အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဌေးကြွယ်နှင့်အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရေမြောင်းများတူးဖော်

အင်ဂျန်းယန် ဇူလိုင် ၂၅

ကချင်ပြည်နယ် အင်ဂျန်းယန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ဇူလိုင် ၁၂ ရက်က မိုးရာသီတွင် ရေမြောင်းများ ရေစီး ရေလာကောင်းမွန်စေရေးအတွက် မြို့တွင်းလမ်းဘေးဝဲယာ တစ်လျှောက်ရေမြောင်းများ တူးဖော်ရှင်းလင်း ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးနိုင်ထွန်း ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(ပြည်နယ်စည်ပင်)

လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြည်သူ့ပန်းခြံအတွင်း မြေယာရှုခင်းပြုပြင်ခြင်းနှင့် သာယာလှပရေး လုပ်ငန်းများကို ဩဂုတ်၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

နှစ်ဖက်သော မိဘများအား အမှူးထား၍ ဦးမောင်စိန်-ဒေါ်ခင်ခင်၊ သား ဝဏ္ဏရှိန်၊ သမီး ထားမြတ်စန္ဒီမိသားစု အမှတ်(၇) ၁၀ လမ်း ကန်တော်ကလေး မင်္ဂလာတောင်ညွန့်မြို့နယ်က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက်အတွက် ငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းရာ သာသနာပြုဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်တော်မူစဉ်။(က-ပ)

မိုင်းဖြတ်မြို့၌ မြန်မာအမျိုးသမီးများနေ့ကျင်းပ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူများ ဆုချီးမြှင့်

မိုင်းဖြတ် ဇူလိုင် ၃

မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ ရက် နံနက် ၈ နာရီက မိုင်းဖြတ်မြို့ ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မိုင်းဖြတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ချောစုမျိုးညွန့်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသူများကို ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ရီရီလဲ့နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်စန်းစန်းဝေတို့က ဆုများ ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ် သတင်းများ

ကျောက်စုဆောင်း

မိုးညှင်းမြို့ သခင်ကိုယ်တော်မှိုင်းလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအတွက် ကျောက်များစုဆောင်းထားရှိမှုကို ဩဂုတ်၁ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူးဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြောင်းမြမြို့ မြသာယာဈေးရှေ့တွင် ဂဝံခင်းခြင်း၊ မြေညှိခြင်းလုပ်ငန်းကို ဇူလိုင်၁၇ရက်က ဈေးဌာနစိတ်မှ ဒုတိယဦးစီးမှူး(ဈေး) ဦးတိုးမြင့်အောင်နှင့် ဝန်ထမ်းများ၊ ဈေးမိဈေးဖများ၊ အမှတ်(၂)ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ရန်ကုန်အဝေးသင်တက္ကသိုလ်
e- Education Learning Centre
သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

(တနင်္လာမှသောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃နာရီအထိ
(စနေနှင့်တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၁၄-၈-၂၀၀၆ **(တနင်္လာနေ့)**
- ❑ Theory of Consumer behaviour
  - ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ English Literature Poetry
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၅-၈-၂၀၀၆ **(အင်္ဂါနေ့)**
- ❑ Basic Elements of Poetry
  - ပထမနှစ်အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ Conditional / IF Patterns
  - တတိယနှစ်အင်္ဂလိပ်စာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၆-၈-၂၀၀၆ **(ဗုဒ္ဓဟူးနေ့)**
- ❑ National Unification of Myanmar by Alungmintaya
  - တတိယနှစ်သမိုင်းအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ An Introduction to the Study of Law
  - ပထမနှစ်ဥပဒေပညာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၇-၈-၂၀၀၆ **(ကြာသပတေးနေ့)**
- ❑ Continuous Functions
  - တတိယနှစ်သင်္ချာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ "ရဲဘော်မသေ သေသော်ငရဲမလား" စကားပြေပို့ချချက်
  - ပထမနှစ်အဝေးသင်တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ

၁၈-၈-၂၀၀၆ **(သောကြာနေ့)**
- ❑ "ဝေဿန်းစန္ဒာ" ကဗျာပို့ချချက်
  - ပထမနှစ်ပင်ရင်းမြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ
- ❑ "ဥမ္မာဒန္တီပျို့မိတ်ဆက်" ပျို့ပို့ချချက်
  - ပထမနှစ်မြန်မာစာအထူးပြု ကျောင်းသား၊ ကျောင်းသူများ

၁၉-၈-၂၀၀၆ **(စနေနေ့)**
- ❑ Book-Keeping Procedures and Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Cash Book
  - ပထမနှစ် စီးပွားရေး၊ စီးပွားစီမံအထူးပြု
- ❑ Micro Business
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Legal Form of Organization
  - ပထမနှစ် အိမ်တွင်းစီးပွားအထူးပြု
- ❑ Measures of Dispersion (Frequency Distribution) and Futher of Descriptions
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Measures of Dispersion
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Natural Resource Development
  - ပထမနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ Simple Linear Regression
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Correlation
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ အိမ်တွင်းစီးပွားအထူးပြု
- ❑ Structure of Markets
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Monopoly
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံ၊ ပြည်သူ့ရေးရာအထူးပြု
- ❑ Privatization & FDI in Myanmar
  - ပထမနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ Sampling Distribution
  - ပထမနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု

၂၀-၈-၂၀၀၆ **(တနင်္ဂနွေနေ့)**
- ❑ The Nature and Role of Financial Institution in an Economy
  - ဒုတိယနှစ်အိမ်တွင်းစီးပွားအထူးပြု
- ❑ Management Science in Decision Making
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Nature of Management
  - ဒုတိယနှစ်စီးပွားစီမံအထူးပြု
- ❑ Consumer Behaviour
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Methods of Finding Estimators
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Criteria for Estimators
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Population Statistics I
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Population Statistics II
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Price Consumption Curve and the Consumer's Demand Curve
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Input Output Analysis
  - ဒုတိယနှစ်စီးပွားရေးပညာအထူးပြု
- ❑ Project Preparation and Evaluation
  - ဒုတိယနှစ်ပြည်သူ့ရေးရာအထူးပြု
- ❑ Limited Company General Background
  - ဒုတိယနှစ်စီးပွားရေး၊ စီးပွားစီမံအထူးပြု

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
(အောက်မြန်မာပြည်)
ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ အဝေးသင်တက္ကသိုလ်များ၏ ၂၀၀၇ခုနှစ် ပညာသင်နှစ် အောက်ပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်–

(က) ပို့ချချက်စာအုပ်များ ပုံနှိပ်လုပ်ငန်း

(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်လုပ်ငန်း

(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်လုပ်ငန်း

(ဃ) အသံသွင်းသင်ခန်းစာ ကက်ဆက်တိပ်ခွေများတင်သွင်းခြင်းလုပ်ငန်း

၂။ ချိပ်ပိတ်ဈေးနှုန်းလွှာ တင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၇–၈–၂၀၀၆ ရက် (တနင်္လာနေ့)မှစ၍ တစ်စုံလျှင် ကျပ်၁၀၀၀၀/– (ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်–

ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးခန်း အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)၊ သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့။

၃။ ချိပ်ပိတ်ဈေးနှုန်းလွှာများကို ၂၁–၈–၂၀၀၆ ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၀ နာရီထက်နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် တင်သွင်းရမည်။

၄။ အသေးစိတ်သိရှိလိုသော အချက်များကို အထက်ဖော်ပြပါ လိပ်စာတွင်လည်းကောင်း၊ ဖုန်းနံပါတ် ၀၁–၅၀၂၂၅၇၊ ၀၁–၅၃၅၀၇၃၊ ၀၁–၅၃၄၀၉၉၊ ၀၂–၆၀၅၄၄ နှင့် ၀၂–၃၁၁၉၂ သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဝေးသင်တက္ကသိုလ်များ၏
စာအုပ်များနှင့် သင်ခန်းစာကက်ဆက်တိပ်ခွေများ
ထုတ်လုပ်ရေးလုပ်ငန်းကော်မတီ။

ပိုင်ရှင်ကိုယ်တိုင် ငှားမည်၊ ရောင်းမည်

အမှတ်(၈)၊ ကျိုက္ကဆံလမ်း၊ **Royal Lake View Tower 12** ထပ်ရှိ အခန်းအမှတ် (**12 A & 12 B**) အခန်းအကျယ်မှာ**2500 SqF1** စီရှိပြီး အခန်းအမှတ်(**12 A**) မှာ ရောင်းရန်နှင့်ငှားရန် ဖြစ်ပါသည်။ **Fully Furniture, Singapore Style Office** အခန်းအသင့်ဖွဲ့ပြီး လေအေးပေးစက်(၉)လုံး၊ ဖုန်းလိုင်း(၃)လိုင်း၊ **Meeting Room** (၁)ခန်း၊ **MD Room** (၁)ခန်း၊ **Account Room** (၁)ခန်း၊ **Manager Room** (၄)ခန်း၊ **Kitchen** (၁)ခန်း၊ **Toilet**(၃)ခန်း၊ **Leeco Safe** (၁)ခုပါရှိပါသည်။ ရုံးခန်းဖွင့်ရန် အထူးသင့်လျော်ပါသည်။ ရောင်းဈေးမှာ ညှိနှိုင်းဈေးဖြစ်ပါသည်။ အခန်းအမှတ် (**12 B**)မှာ **Hall type** ဖြစ်ပြီး ရောင်းမည်ဖြစ်ပါသည်။

ဖုန်း–၅၅၉၁၆၃။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံးကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

မြောင်းမြခရိုင်တရားရုံး

၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၁၂

မြန်မာ့စီးပွားရေးဘဏ် အိမ်မဲမြို့။	**နှင့်**	၁။ ဒေါ်တင့်တင့် ၂။ ဒေါ်သင်းသင်းမော်
တရားနိုင်		**တရားရှုံး**

၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၂၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်၊ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၁၀)ရက် မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အိမ်မဲမြို့ အထက်ပိုင်းရပ်ကွက်၊ နဝဒေးလမ်း၊ အကွက်အမှတ်(၁၆)၊ ဦးပိုင်အမှတ် (၃၂/၃၃)ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေနှင့်၎င်းမြေပေါ်ရှိ (၄၆ x ၃၈ x ၁၅)ပေရှိ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ (နှစ်)ထပ်တိုက်အဆောက်အအုံ။ **လေလံကြမ်းခင်းဈေးကျပ် သိန်း ၉၀ (ကျပ်သိန်းကိုးဆယ်တိတိ)**

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်အေးသန်း
B.A (Law),LL.B,D.B,.L
ခရိုင်တရားသူကြီး
မြောင်းမြခရိုင်တရားရုံး။

အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း

ကျွန်းစုမြို့နယ် ပထက်ကျေးရွာနှင့် မိုင်းသွေးကျေးရွာနေ ဒေါ်ထိန်မြင့်(အဖ)ဦးအေးစိန်၊ မှတ်ပုံတင်အမှတ်– ၆/မအရ(နိုင်)၀၅၄၂၁၀၏ လွှဲအပ်ညွှန်ကြားချက်အရ (မိခင်)ဒေါ်သန်းစိန်၊ မှတ်ပုံတင်အမှတ် ၆/မအရ(နိုင်)၀၅၄၁၅၆ ၏ ၁၈–၇–၂၀၀၆ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၈)ပါ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း ကြေညာချက်နှင့်ပတ်သက်၍ အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ဖြေရှင်းအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ထိန်မြင့်သည် ကျန်မောင်နှမ(၅)ဦးတို့နှင့်အတူ မိဘများအပေါ်တွင် ဗုဒ္ဓဘာသာဝင် သမီးကောင်းတစ်ဦးအနေဖြင့် သားသမီးဝတ္တရားများနှင့်အညီ ငယ်စဉ်မှစ၍ ယနေ့တိုင်အောင် ကျင့်ကြံနေထိုင်သူတစ်ဦး ဖြစ်ပါသည်။ မိဘများစိတ်ဆင်းရဲအောင် မည်သည့်အခါကမျှ တစ်စုံတစ်ရာ ဆောင်ရွက်ခဲ့ဖူးခြင်းမရှိခဲ့ပါ။ မိခင်ဒေါ်သန်းစိန်၏ ကြေညာချက်မှာ တစ်ဦးတစ်ယောက်တို့၏ ဖြားယောင်းသွေးဆောင်သွေးထိုးမှုအရ တစ်ဖက်သတ် ကြေညာခြင်းသာ ဖြစ်ပါကြောင်းနှင့် ဒေါ်ထိန်မြင့်သည် ဦးအေးစိန်–ဒေါ်သန်းစိန်တို့၏ တရားဝင် အမွေစားအမွေခံသမီးတစ်ဦးအဖြစ် တရားဝင်ရှိနေပါကြောင်း သိစေအပ်ပါသည်။ (စုံစမ်းမေးမြန်းနိုင်ပါသည်။)

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမင်းနိုင်
အထက်တန်းရှေ့နေ
စဉ်(၇၉၄၈)မြိတ်မြို့။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)

ရခိုင်ပြည်နယ်တရားရုံး

၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၉

မြန်မာ့စီးပွားရေးဘဏ် စစ်တွေမြို့။	**နှင့်**	၁။ ဦးနိုင်နိုင်ဇော် ၂။ ဒေါ်အောင်ကြွဖြူ
တရားနိုင်		**တရားရှုံး**

ရခိုင်ပြည်နယ်တရားရုံး တရားမကြီးမှုအမှတ် (၂၃/၂၀၀၅)အမှုတွင် အနိုင်ဒီကရီ အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါပစ္စည်းကို ၂၀၀၆ ခုနှစ် စက်တင်ဘာလ ၁၂ ရက်နေ့ နံနက် ၁၀ နာရီအချိန်တွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရှိသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးပေးဝယ်သူအား လေလံဆွဲဝယ်ယူသူ အမည်အဖြစ် သတ်မှတ်မည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် တစ်ဖန်ပြန်လည် လေလံတင် ရောင်းချလိမ့်မည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ်တစ်ရာလျှင် နှစ်ဆယ့်ငါးကျပ်ကို လေလံဆွဲဝယ်ပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသူအရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကိုတင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိသည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်းကို နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်မည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၆ ခုနှစ် ဩဂုတ် ၂ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ လေလံတင် ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

ပစ္စည်းစာရင်း

မင်းပြားမြို့ ဈေးဟောင်းအနောက်အကွက် အမှတ် ၄၊ ဦးပိုင်အမှတ် ၉၁၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ မြေနှင့်ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အောက်ထပ် ကွန်ကရစ်ခင်း၊ သွပ်မိုး၊ အပေါ်ထပ် ပျဉ်းကတိုးခင်း၊ အုတ်ကာနှစ်ထပ်တိုက် (၄၇ x၈၈) ပေကျယ်သော အိမ်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ် ၂၃၅ သိန်းဖြစ်သည်။

မင်းအောင်၊ ပြည်နယ်တရားသူကြီး
ရခိုင်ပြည်နယ်တရားရုံး၊ စစ်တွေမြို့။

အများသိစေရန်

ကျွန်တော်ဦးမြင့်နိုင် နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/ပဇတ(နိုင်)၀၂၈၄၃၉ ကိုင်ဆောင်သူနှင့် ကျွန်မဒေါ်စမ်းစမ်းယု နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/ဗတထ(နိုင်)၀၁၇၉၂၄ ကိုင် ဆောင်သူတို့၏ သားဖြစ်သူ ကိုဖြိုး(ခ)မောင်သန့်စင်လင်း နိုင်ငံသားမှတ်ပုံတင်အမှတ် ၁၂/ပဇတ(နိုင်)၀၂၉၂၄၇သည် မိဘနှစ်ဦး၏ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ နေအိမ်မှ မိမိသဘောဆန္ဒအရ အကြိမ်ကြိမ်ဆင်းသွားခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၎င်းနှင့်ပတ်သက်သော ငွေကြေးကိစ္စများ၊ လူမှုရေးကိစ္စအဝဝတို့အား မိဘနှစ်ပါးမှ လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဦးမြင့်နိုင်–ဒေါ်စမ်းစမ်းယု
၁၂/ပဇတ(နိုင်)၀၂၈၄၃၉၊ ၁၂/ဗတထ(နိုင်)၀၁၇၉၂၄။
(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)။

ကျေးဇူးဆပ်ပါမည်

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချိုု ၁ရပ်ကွက်၊ အမှတ် ည/Aနေ ဦးကြည်သာ ပိုင်ဆိုင်သည့် ယာဉ်အမှတ် ၄ခ/၃၇၈၃၏ အခွန်စာရွက်(အစိမ်းရောင်) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း– ၀၉–၅၃ ၁၂၂၆၁။**

ဖခင်အမည်မှန်

အထက ဘီးလင်း နဝမတန်း (A)မှ မဖြိုးဟေမာထက်၏ ဖခင်အမည်မှန်မှာ ဦးမင်းနောင်ဖြစ်ပါကြောင်း။

ဦးမင်းနောင်။

ဖခင်အမည်မှန်

ရေးမြို့ အထက(၂)တွင် ပညာသင်ကြားနေသော မောင်သက်ညီညီနှင့် မောင်တင်ဇော်လတ်တို့၏ ဖခင်အမည်မှန်မှာ ဦးဖလိ(ခ)ဦးသိန်းအောင် ဖြစ်ပါသည်။

ဦးသိန်းအောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်ကျော်ဇင်လတ် ၁၂/သကတ(နိုင်)၁၂၀၄၁၃ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ်အမှတ်–၆၈၉ ၉၂၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပေးပို့ပါရန်။ **ဖုန်း–၇၂၅၄၀၀။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ PP.No-372435 စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ကိုအေးဝင်း
ဖုန်း–၀၅၂–၂၃၈၃၀။

ကျေးဇူးတင်ရှိပါကြောင်း

ဦးတင်ထွေး(ခ)ဦးရှကူး(လှိုင်းသစ်ဗီဒီယို ဖြန့်ချိရေး) ကွယ်လွန်ခဲ့သည့် ၃–၈–၂၀၀၆ရက်တွင် တစ်နှစ်ပြည့် အထိမ်းအမှတ် အမှတ်တရပြုလုပ်ခဲ့သော လှူဒါန်းကျွေးမွေးပွဲသို့ ကြွရောက်ခဲ့ကြသည့် မိတ်ဆွေများ၊ အနယ်နယ် အရပ်ရပ်မှ ဆွေမျိုးမိတ်သင်္ဂဟများ၊ ဝိုင်းဝန်းကူညီသူများအား ကျေးဇူးတင်ရှိပါကြောင်း။ **မစန္ဒာလွင်(ခ)မငယ်လေး၊ ဟသ္သာတမြို့။**

အမှားပြင်ဆင်ချက်

၄–၈–၂၀၀၆ ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၁၇)ပါ ပြင်ဦးလွင် အိမ်ဂရန် ကိစ္စကြော်ငြာတွင် မလေးရှား နိုင်ငံတော်၌ အမှုထမ်းဆောင်နေသူမှာ ကွယ်လွန်ပြီးဖြစ်သော L.SAM˚HKUN ANUGအစား ၎င်း၏ကျန်ရစ်သူ ဇနီး ဒေါ်ဘောဘီမီနန် (ခ)မီနန်ဆိုင်းရော်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုးကျောင်းဆောင်တော်ကြီးအတွက် လမ်းမတော်မြို့နယ် အမှတ်(၁၅၁၊ အေ) ပထမထပ်နေ ဒေါ်ရှုဟန်အားရည်စူး၍ အစ်မဖြစ်သူ ဒေါ်ရှုလွမ် မိသားစုက အလှူငွေကျပ် နှစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါက်တာဦးကိုကိုထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက် ငွေများလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၀

မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်၍ ဝိနည်းပိဋကတ်ဝင် စူဠဝါ ပါဠိတော်စာအုပ်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံသို့ ပန်းဘဲတန်းလမ်း မြို့နယ် (၈)ရပ်ကွက် ၂၉ လမ်းနေ ဦးပြန့်စင်၊ မိခင်(ဒေါ်ရှုခင်)အားရည်စူး၍ ကျန်ရစ်သူမိသားစု၊ လှိုင်သာယာ (၁၃)ရပ်ကွက် သခင်မြလမ်းနေ ဦးဝင်းမော်ဦး–ဒေါ်လှမေ သိန်းမိသားစု၊ မကေခိုင်(ခ)မဝင့်မွန်ထင် မွေးနေ့ကောင်းမှု၊ အလုံမြို့နယ် ကွင်းကျောင်း(၂)လမ်းနေ(ဦးထွန်းဖေ)–ဒေါ်ခင်ခင်ကြူမိသားစု၊ သန်လျင်မြို့ နဝရတ်အိမ်ရာ အမှုထမ်းရပ်ကွက်နေ ဦးလှစိုး–ဒေါ်ခင်မျိုးသူငွေကျော်၊ မောင်ကောင်းကုငွေကျော်မိသားစု၊ သာကေတမြို့နယ်(၂)မြောက်ရပ်ကွက်နေဦးအောင်မင်းဟန်–ဒေါ်ခင်လှမြင့်၊ သမီးမမင်းသွဲ့ငြိမ်း၊ သားမောင်ဥက္ကါအောင်၊ မောင်အံ့ဘွယ်အောင်၊ တာမွေမြို့နယ် ဖိုးစိန် လမ်း နေ ဒေါက်တာ ဒေါ်သင်းသင်းလှိုင် မွေးနေ့အလှူ၊ ဦးအောင်စောသား မောင်မြတ်ဟိန်းအောင်မိသားစု၊ ဦးချုံငန်၊ ဒေါ်ပုစိန်တို့အား ရည်စူး၍ တိုက်ကြီးမြို့နယ် မြို့လယ်လမ်းနေ ဒေါ်မြင့်မြင့်လွင်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)(၃၃) ရပ်ကွက်စိန်ပန်းမြိုင်(၁)လမ်းနေ ဦးအုန်းကျော်မိသားစု၊ စမ်းချောင်း မြို့နယ် ရွှေညောင်ပင်လမ်း ဦးလှအောင်–ဒေါ်အေးရီမိသားစုတို့က ကြေးပြားတစ်ချပ်စီ လှူဒါန်းကြသည်။

လှူဒါန်းနိုင်

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် ဖုန်း–၅၄၈၈၀၅ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

ရွှေဘိုမြို့ အမှတ်(၉) ရပ်ကွက်ရှိ မင်းလှကျော်ထင်တံတား ဆောင်ရွက်မှုကို ဇူလိုင် ၁၈ ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူးဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဇူလိုင် ၁၂ ရက်က ဒဂုံမြို့သစ် တောင်ပိုင်း (၁၀၇)ရပ်ကွက် နန်းဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက်တွင် ဒေါက်တာဒေါ်ချယ်ရီ ဝိုင်းက ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တ သောဘိတ (မြွှာစရိယ ၊သဒ္ဓမ္မဇော တိကဓဇ) ထံ ငွေကျပ် သိန်း ၂၅၀ တန် နှစ်ထပ်ကျောင်းဆောင်သစ် လွှဲပြောင်းဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

နှစ်ဖက်မိဘများအားအမှူးထား၍ တွံတေးမြို့ မင်းပိုင်းရပ်ကွက် အလောင်း ဘုရားလမ်းနေ ဦးခင်မောင်ကြည်–ဒေါ်မြင့်မြင့်သွင် မိသားစုက တွံတေးမြို့ ရွှေဆံတော်ဘုရားလမ်းရှိ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဇူလိုင် ၂၄ ရက်က လှူဒါန်းရာ ရိပ်သာတွဲဖက်အတွင်းရေးမှူး(၂)ဦးစိုးဝင်းက လက်ခံယူစဉ်။ (၃၈၀)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြား

ရန်ကုန် ဩဂုတ် ၁၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဒဂုံမြို့နယ် ဈေးမြောက်လမ်းရှိ ပန်တျာကိုယ်တိုင်ထုတ်လုပ်သူများ အခွန်လွတ်ဈေးသို့ ရောက်ရှိရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် *စာမျက်နှာ ၆ ကော်လံ ၁* ❒

ဩဂုတ် ၁၀ ရက်၌ မိုးရွာသွန်းလေသမျှ

ရေးမြို့	၇ ဒသမ ၁၃ လက်မ
ဝွမြို့	၇ ဒသမ ၀၅ လက်မ
ဘားအံ	၆ ဒသမ ၇၀ လက်မ
သထုံ	၄ ဒသမ ၄၁ လက်မ
ကိုကိုးကျွန်း	၄ ဒသမ ၃၇ လက်မ
ထားဝယ်	၃ ဒသမ ၁၉ လက်မ
မော်လမြိုင်	၃ ဒသမ ၀၉ လက်မ
မင်းတပ်	၂ ဒသမ ၉၉ လက်မ
ကလေးမြို့	၂ ဒသမ ၃၆ လက်မ
ချောက်၊ အောင်လံ၊ ကလေးဝ	၁ ဒသမ ၀၆ လက်မ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ စမ်းချောင်းမြို့နယ် ဟံသာဝတီ ကိုယ်တိုင်ထုတ်လုပ်သူများ၏ အခွန်လွတ်ဈေးတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နှစ်ပတ်ကြာ ရေကြီးနစ်မြုပ်ခံသည့် ဆန်စပါးမျိုး သိပ္ပံပညာရှင်များအောင်မြင်စွာထုတ်လုပ်နိုင်ပြီ

ကယ်လီဖိုးနီးယား ဩဂုတ် ၁၀ **အင်တာနက်အထူးသတင်း**

နှစ်ပတ်ကြာ ရေကြီးနစ်မြုပ်သော်လည်း ရှင်သန်နိုင်စွမ်းရှိသော ကောက်ပင်မျိုးဗီဇသစ်ကို ရှာဖွေဖော်ထုတ်နိုင်ပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက ထုတ်ဖော်ပြောကြားသည်။

ယုံကြည်ထား

ကောက်ပင်အများစုသည် တစ်ပတ်ကြာ ရေကြီးနစ်မြုပ်ခဲ့လျှင် သေဆုံးလေ့ရှိသည်။ သို့သော် ယခုစမ်းသပ်တွေ့ရှိထားသော မျိုးဗီဇအသစ်သည် ကမ္ဘာ့ဆန်အထွက်နှုန်းကောင်းစေရေးအတွက် အထောက်အကူပြုပေးလိမ့်မည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ထားကြသည်။

ဆုံးရှုံးနစ်နာ

အရှေ့တောင်အာရှရှိ လယ်သမားများသည် စိုက်ပျိုးပြီး စပါးခင်းများ ရေကြီးနစ်မြုပ်ခံရသဖြင့် ခန့်မှန်းခြေအားဖြင့် နှစ်စဉ် ဒေါ်လာ တစ်ဘီလီယံ ဆုံးရှုံးနစ်နာလျက်ရှိကြသည်။

ယခု တွေ့ရှိချက်များကို သိပ္ပံဂျာနယ်၌ ဖော်ပြထားခဲ့ပြီးဖြစ်သည်။ ၎င်းတွေ့ရှိချက်ကို အမေရိကန်နိုင်ငံ ကာရိုလိုင်းနားတက္ကသိုလ်နှင့် ဖိလစ်ပိုင်နိုင်ငံ အခြေစိုက် နိုင်ငံတကာ ဆန်စပါးသုတေသနအဖွဲ့ (အိုင်အာရ်အာရ်အိုင်)တို့၏ ပူးပေါင်းဆောင်ရွက်ခဲ့သောအဖွဲ့က အဆိုပါစပါးမျိုးဗီဇသစ်ကို စမ်းသပ်ရှာဖွေခဲ့ခြင်းဖြစ်သည်။

ယင်းဆန်စပါးမျိုးဗီဇသစ်ကို 'Sub1A-1ဟု အမည်ပေး *စာမျက်နှာ ၆ ကော်လံ ၃* ●

မိုးလေဝသအခြေအနေ (ဩဂုတ် ၁၁ ရက်)

နေပြည်တော် နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန် ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် မိုးအသင့်အတင့်ရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးရွာမည်၊ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိ မော်လမြိုင်ကျွန်းမြို့နယ် NLD ပါတီဝင် ၂၈ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၁၀

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော လင်းတွဲမဲဇလီကျေးရွာ ရပ်ကျေးအဖွဲ့ဝင် ဦးမြတ်သာ၊ ဦးမှုန်ကြီး၊ ဦးမြင့်သန်း၊ ဦးကြည်ထွန်း၊ ကျွဲခြံချောင်းဖျားကျေးရွာ ရပ်ကျေးအဖွဲ့ဝင် ဦးသန်းအောင်၊ ထိဆိပ်ဘုရားစုကျေးရွာ ရပ်ကျေးအဖွဲ့ဝင် ဦးအေးအောင်၊ ဦးမောင်အေး၊ ဒေါ်စိန်လှရီ၊ ဦးတင်ခိုင်၊ ဦးချစ်အောင်၊ ဦးသန်းငြိမ်း၊ ကျွန်းကလေးကျေးရွာ ရပ်ကျေးအဖွဲ့ဝင် ဦးအေးမင်းတို့ အပါအဝင် ပါတီဝင် ၂၈ ဦးတို့သည် ဇူလိုင် ၂၅ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ဌာနချုပ်သို့ လည်းကောင်း၊ သက်ဆိုင်ရာဒေသ အာဏာပိုင်အဖွဲ့အစည်းများသို့ လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် နိုင်ငံနှင့် ပြည်သူ့အကျိုးကို ရှေးရှုဆောင်ရွက်ခြင်းမရှိဘဲ တိုင်းပြည်နှင့် လူမျိုး ဒုက္ခရောက်စေမည့် လုပ်ရပ်များကိုသာ တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ကြောင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**